မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၈ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ ယင်းချောင်းတံတားဖွင့်

မကွေးတိုင်းမှ မြေပဲ၊ နှမ်း၊ ဆန်စပါးနှင့် ကောက်ပဲသီးနှံများ နိုင်ငံတစ်ဝန်းမြန်ဆန်စွာတင်ပို့နိုင်

ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဇွန် ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးခရိုင်က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက် လမ်းပေါ်ရှိ အစင်း၂၄၀ မြောက် ယင်းချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးထွဋ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ အင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

တိုးချဲ့ဖောက်လုပ်

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ မကွေးတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ မီးရထားလမ်းများ၊ ဆည်မြောင်း တာတမံကြီးများအပါအဝင် အမျိုးမျိုးသော တက္ကသိုလ်ကြီးများ၊ အဆင့်ဆင့်သောဆေးရုံကြီးများ၊ လူမှုဖွံ့ဖြိုးမှုနှင့်ပတ်သက်သည့် လိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံများကို *စာမျက်နှာ ၈ ကော်လံ ၁* ❍

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့ ယင်းချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။
(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၆-၂၀၁၀

ခန္တီးမြို့	၄ ဒသမ ၁၃ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၄၄ လက်မ
ဖြူးမြို့	၁ ဒသမ ၉၇ လက်မ
သံတွဲမြို့	၁ ဒသမ ၈၅ လက်မ

သတင်းဆောင်းပါး	➢	မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	➢	တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	➢	လွဲလွဲဝင်း(မြန်မာ့အလင်း)

မြစ်-ထားဝယ်ခရီးကြမ်းကို ဖြတ်သန်းခဲ့သည့် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များ မြစ်-ထားဝယ်ခရီးကြမ်းကို ဤသို့ ဖြတ်သန်းခဲ့ရသည်။

ရန်ကုန် ဇွန် ၂၇

တောင်တက်လျှင် အသက်ရှည်သည်။ ကျန်းမာကြံ့ခိုင်ခြင်းနှင့်လည်း ပြည့်စုံသည်။ တောင်တက်ခြင်းကို လူငယ်များအတွင်း စိတ်ပါဝင်စားမှုများရှိနေရာ ခွဲ၊ လုံ့လ၊ ဝီရိယတို့ ကောင်းမွန်စေရန် အထောက်အကူပြုသည့်အတွက် တောင်တက်ခြင်းသည် ခေတ်စားလာသည်။

စတင်တည်ထောင်

မြန်မာနိုင်ငံတွင် တောင်တက်ခြင်းကို စနစ်တကျဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ကို ၁၉၆၀-၁၉၆၁ခုနှစ်၌ စတင်တည်ထောင်ခဲ့သည်။ ထို့အတူ ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အားကစားကော်မတီကိုလည်း ယင်းနှစ်၌ပင် ဖွဲ့စည်းခဲ့သဖြင့် ယခုဆိုပါလျှင် နှစ်ပေါင်း ၅၀တိုင်ခဲ့ပေပြီ။

ရွှေရတု

၁၉၆၁ခုနှစ်၌ပင် ရန်ကုန်တက္ကသိုလ် ပထဝီဝင်ပါမောက္ခ ဒေါက်တာဒေါ်သင်းကြည် ဦးဆောင်ကာ ဇွဲကပင်တောင်ကို စတင်တက်ရောက်ခဲ့ရာ ယခုနှစ်သည် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း ရွှေရတုဖြစ်သလို ခြေလျင်တောင်တက်ခြင်း ရွှေရတုလည်း ဖြစ်ခဲ့သည်။ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း *စာမျက်နှာ ၉ ကော်လံ ၂* ✱

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၈ ရက်)

ပြည်ထောင်စုတစ်ဝန်း သစ်တောသစ်ပင်များဖြင့် အလှဆင်

ဥတုရာသီတောမှီဆိုသည့်စကားအရ သစ်တော၊ သစ်ပင်များသည် ရာသီဥတုကို ပြုပြင်ဖန်တီးနိုင်စွမ်းရှိသည်။ သစ်တောသစ်ပင်များ ပြုန်းတီးလာပါက ရာသီဥတုများပြောင်းလဲပြီး အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ မိုးနည်းပါးခြင်း၊ စိုက်ပျိုးရေရှားပါးခြင်း စသည့် သဘာဝ၏ ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၀ ခုနှစ် ဇွန်လ ၂၅ ရက်နေ့၌ နေပြည်တော်လယ်ဝေး မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကိုလည်းကောင်း၊ တစ်ရွာတစ်ဧက ကျေးရွာပိုင် ယူကလစ်စိုက်ခင်းစီမံချက်အရ ရန်ကုန်-မန္တလေးအမြန်လမ်း တောင်သာကျေးရွာ အုပ်စု မင်းရေးနှင့် ယက္ကန်းစင်ကျေးရွာတို့၌ ယူကလစ်အပင် ၁၂၀၀နှင့် လမ်းမကြီးဝဲယာတွင် ကျွန်းပင် ၈၀၀ တို့ကိုလည်းကောင်း စိုက်ပျိုးခဲ့ကြသည်။

ပြည်ထောင်စုတစ်ဝန်း သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိရာ၌ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်လုံးကျေးရွာတွင် ဇွန်လ ၁၁ရက်နေ့က လည်းကောင်း၊ တနင်္သာရီတိုင်း ရေးမြို့နယ်တွင် ဇွန်လ ၁၆ ရက်နေ့က ကျွန်း၊ ကံ့ကော်၊ ခရေ၊ ယူကလစ်၊ အာသောက၊ ဆီသပြေနှင့် တရုတ်တည် စသည့် ပျိုးပင်ပေါင်း ၇၇၆ပင်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့နယ်၌ ကျွန်းပျိုးပင် ၂၀၀၀ကို လည်းကောင်း စိုက်ပျိုးပြီး သစ်ပင်စိုက်ပျိုးပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။

ယခုမိုးရာသီကာလသည် သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးသော ကာလဖြစ်သည့်အလျောက် ပြည်သူများသည် မိမိအိမ်ခြံမြေများတွင် စိုက်ပျိုးသင့်ကြပေသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သီးနှံစားသုံးရခြင်း၊ အရိပ်ရခြင်း၊ လူ့အသုံးအဆောင်ပစ္စည်းများရရှိခြင်း၊ စိတ်ကို ကြည်နူး လန်းဆန်းစေခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားကြရမည် ဖြစ်သည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို ပြည်နယ်နှင့်တိုင်းအနှံ့တွင် ကျင်းပနေပြီဖြစ်ရာ ပြည်ထောင်စုတစ်ဝန်း သစ်တောသစ်ပင်များဖြင့် အလှဆင်နိုင်ရေးအတွက် အရိပ်လည်းရ ဝမ်းလည်းဝ စကားနှင့်အညီ ပြည်သူများက ဝိုင်းဝန်းပါဝင်စိုက်ပျိုးပြီး အပင်များ ရေရှည်ရှင်သန်ဖြစ်ထွန်း တည်ရှိရေးကို ပြုစုပျိုးထောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အိုလံပစ်နေ့ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲ နေပြည်တော်၌ ဆင်နွှဲ

နေပြည်တော် ဇွန် ၂၇

၂၀၁၀ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးစုရပ်မှ စတင်တာထွက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်ပါဝင်ဆင်နွှဲသည်။ **(အပေါ်ပုံ)**

လမ်းလျှောက်

အဆိုပါ လမ်းလျှောက်ပွဲတွင် နေပြည်တော်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်မှ အသင်းဝင်များ စုစုပေါင်း အင်အား ၁၂၀၀ ခန့်တို့သည် မြို့မဈေးရှေ့စုရပ်၌ နေရာယူထားကြပြီး နံနက် ၆ နာရီတွင် စတင်တာလွှတ်၍ တောင်ညို-ပျဉ်းမနား လမ်းအတိုင်း သပြေကုန်းအဝိုင်း၊ ထိုမှ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ရှေ့သို့ လမ်းလျှောက် ပန်းဝင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇွန် ၂၇

၂၀၁၀ ခုနှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းတွင် မင်းယုဝေ၊ ညွန့်ဝေ (ကသာ)၊မောင်ဟေမာ၊ ကို(တက္ကသိုလ်)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊မင်းမောင်နွယ် (မွန်ဌာနီ)၊ အောင်သာဆန်း(သံတွဲ)၊ ခင်ကေခိုင်တို့၏ ကဗျာများ၊ မြေဇာ၊ ငွေကြည်၊ သစ်ထွဋ်း၊ စည်သူကျော်၊ နေသွန်းတို့၏ ကာတွန်းများ၊ ချစ်စံဝင်း၊ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ မိကျော်ဟန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာ သန့်စင်၊ ကိုခန့်(သုတေသန)၊ ရဲမာန်ခ၊ ဗိုလ်ကလေးတင့်အောင်၊ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ ကျော်ဇေဟိန်း(ဒေါပုံ)၊မောင်၊ လှထွန်းအောင်(ရူပဗေဒ)၊ဝွမ်းဖြူဇင်၊ လှဘုန်းအောင်၊ အာကီယာ၊ စာတည်းတစ်ဦး၊ ရှင်ဥက္ကာ(ဖျာပုံ)၊ ညောင်ဦးဖိုးချို၊မျိုးမင်း၊ စံ-ဇာဏီဘို၊စိုးဝင်း(မြစ်ခြေ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တင်သန်းဦး၊ ခင်မောင်အေး(မန္တလေး)၊ကုမုဒြာ၊ လဝန်းခင်၊ ခြင်ကျား(မအူပင်)၊နွေ၊ စစ်မင်း(တောင်တွင်း)၊ လူအောင်၊ ကိုရွှေတောသားတို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်သန်စေမှု ရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ် ၁၈၁၊ ၃၂လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ သို့ ဆက်သွယ် မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPPအရောက်ပို့စနစ် ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား တိုက်ကြီး၌ ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီး မြို့နယ် အထက(တိုက်ကြီး)အနော်ရထာ ခန်းမ၌ ဇွန် ၂၅ရက် နံနက် ၉နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲ သုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်း အနားကျင်းပရာ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီး ဦးမောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးဝင်းမြင့်အောင် **(အပေါ်ဝဲပုံ)**နှင့် မြို့နယ်ဥပဒေအရာရှိ ဦးကြည်မောင်တို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ပညာပေး ဟောပြောကြသည်။

ဆုများပေးအပ်

ထို့နောက် ၂၀၁၀ခုနှစ် ဇွန် ၂၆ရက် တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ် အဆင့် အထက်တန်းနှင့် အလယ်တန်းဆင့် များတွင် ဆုရရှိကြသော ကျောင်းသူ ကျောင်းသားများအား မြို့နယ်ဥက္ကဋ္ဌနှင့် ရဲတပ်ဖွဲ့မှူးတို့က ဆုများပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	သမထဉာဏ်နှင့်ဝိပဿနာဉာဏ် တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၆:၅၀	ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၀)
၈:၃၀	ကရုဏာနှလုံးသားများဖြင့် မုဒိတာပွားစရာမြင်ကွင်းအလှ
၈:၅၀	Activities in the City (မြန်မာဘရူဝါရီလီမိတက် စုပေါင်းသွေးလှူဒါန်းပွဲ)
၉:၀၅	မြတ်သောအလှူ ကုသိုလ်ယူ
၉:၂၀	သဘင်အစွမ်း မိုးဆန်းပန်း
၉:၄၅	Global Panorama
၁၀:၃၅	သန့်ရှင်းကျန်းမာသော.... အာဟာရပြည့်မှုများနှင့်အတူ
၁၀:၅၀	International Show Biz
၁၁:၁၀	**ချစ်သောမြေ၊ ချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၁:၂၀	လူသုံးပစ္စည်းအလေးထား စက်မှု(၁)ရဲ့စွမ်းပကား စတီးလ်ပစ္စည်းနှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံ (မင်းစု)
၁၁:၄၀	မိုးကုတ်မြို့မှရိုးရာအစားအစာများ နှင့် ဘားနတ်ဈေးသို့အလည် တစ်ခေါက်
၁၂:၂၀	မြို့ပြကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)
၁၂:၅၀	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁:၀၀	သမထဉာဏ်နှင့်ဝိပဿနာဉာဏ် တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Celebrity Choice (Too Big)
၃:၁၅	စာအုပ်ပြခန်း (ဂျင်စင်းမြေရောက်ကင်ချီနေ့ရက်များ စာအုပ်ရေးသားသူ ဒေါက်တာနုမြတ်နှင့် တွေ့ဆုံခြင်း)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၃၀)
၄:၁၀	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၄:၂၀	မြတ်သောအလှူ ကုသိုလ်ယူ
၄:၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင် **လီမွာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါလေး၊ စိုးလင်းဦး၊ ဩဘာ [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]
၅:၀၅	Activities in the City (မြန်မာဘရူဝါရီလီမိတက် စုပေါင်းသွေးလှူဒါန်းပွဲ)
၅:၂၀	ကရုဏာနှလုံးသားများဖြင့် မုဒိတာပွားစရာမြင်ကွင်းအလှ
၅:၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	International Show Biz
၆:၃၅	အနုပညာမိုးကောင်းကင်
၇:၀၅	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၇:၄၀	စာအုပ်ပြခန်း (ဂျင်စင်းမြေရောက် ကင်ချီနေ့ရက်များ စာအုပ်ရေးသားသူ ဒေါက်တာနုမြတ်နှင့် တွေ့ဆုံခြင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Choice (Too Big)
၉:၀၅	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၃၀)
၁၀:၀၀	သဘင်အစွမ်း မိုးဆန်းပန်း
၁၀:၂၀	Sports World
၁၀:၄၀	အာဆီယံစွမ်းအင်ပထမဆု၊ မင်္ဂလာဥယျာဉ်စွမ်းဆောင်မှု
၁၁:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၂၀	သဘာဝကပေးတဲ့အကျိုးအာနိသင် **လီမွာလာပြီ**
၁၁:၄၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တွေ့ဆုံဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦး ကိုရီးယားသမ္မတနိုင်ငံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး **H.E. Mr.Tae-Pyong Chang** နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (စိုက်ပျိုးရေး)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦး ကိုရီးယားသမ္မတနိုင်ငံမှပြန်လည်ရောက်ရှိ

နှစ်နိုင်ငံလယ်ယာကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆွေးနွေးခဲ့

နေပြည်တော် ဇွန် ၂၇

ကိုရီးယားသမ္မတနိုင်ငံ၌ရောက်ရှိနေသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ရက် မွန်းလွဲပိုင်းက ဆိုးလ်မြို့ရှိ Seamaeul Undong Center သို့ သွားရောက်၍ Global Seamaeul Undong ၏ ကော်မရှင်နာ Mr. Dong Cho Lee နှင့်တွေ့ဆုံကာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထို့နောက် Seamaeul Undong Training Center ၌ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စံပြရွေးချယ်ထားသော နေပြည်တော်ပျဉ်းမနားမြို့နယ် နတ်သရဲကျေးရွာနှင့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဇီးကုန်းကျေးရွာတို့မှ တောင်သူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့သည့် Seamaeul Undong ကျေးလက်ဖွံ့ဖြိုးရေးသင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံ

ဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ခါနန်တောင်သူလယ်သမား လှုပ်ရှားမှုဆိုင်ရာ ကော်ပိုရေးရှင်းဥက္ကဋ္ဌ Dr. Kim Bum II နှင့် ခါနန်တောင်သူလယ်သမား လှုပ်ရှားမှုဌာနချုပ် ဆိုးလ်မြို့ ညွှန်ကြားရေးမှူးချုပ် Mr. Kim Gi Joong တို့နှင့်တွေ့ဆုံပြီး ခါနန်တောင်သူလယ်သမားအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တောင်သူပညာပေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများကို ဆွေးနွေးခဲ့ကြသည်။

ကြည့်ရှုလေ့လာ

ဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ရက် နံနက်ပိုင်းက ကွန်ဂျူမြို့ရှိ TYM-Tong Yung Mool San Co. သို့ သွားရောက်၍ လယ်ယာသုံးလက်တွန်းထွန်စက်များ၊ ကောက်စိုက်စက်များ၊ ရိတ်သိမ်း ခြွေလှေ့စက်များ (Combine Harve Star) နှင့် လယ်ထွန်စက်များ ထုတ်လုပ်မှုနှင့် ထုတ်လုပ်ထားသော လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ဘူအန်မြို့ရှိ Seamangeum Project သို့ သွားရောက်၍ ပြခန်းများကို ကြည့်ရှုလေ့လာကြရာ Seamangeum Project ညွှန်ကြားရေးမှူးချုပ် Mr.CHO In Hyun နှင့်အဖွဲ့ဝင်များက Seamangeum Project နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။ ဆက်လက်၍ တည်ဆောက်ပြီးစီးလျက်ရှိသော ရေနန်တားတမံနှင့် ရေထိန်းတံခါးတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ရင်းနှီးစွာဆွေးနွေး

ယင်းနောက် ဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ စားနပ်ရိက္ခာ စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tae-Pyong Chang နှင့် နှစ်နိုင်ငံလယ်ယာကဏ္ဍ နည်းပညာပူးပေါင်း ဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးနှင့် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ Auto Industrial Group (AIG) Chairman Mr.J.K.Choi နှင့်တွေ့ဆုံကာ လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဦးဌေးဦးသည် ဇွန် ၂၃ရက် ညနေပိုင်းတွင် အဖွဲ့ဝင်ဖြစ်သူ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးနှင့်အတူ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့်ရှိနေမည်

နေပြည်တော် ဇွန် ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၁၃လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဖြူးမြို့တွင် ၀ ဒသမ ၉၇ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ရွှေဘိုမြို့နှင့် မကွေးမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၈ ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့်

စိမ်းလန်းစေရမည်

လုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆော့ဖ်ဝဲလ်အင်ဂျင်နီးယားရင်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၂၇

Myanmar Professionals Education Centre က မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်ကြားပေး

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလကိုးလသာ ကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် Software Engineering နှင့် သက်ဆိုင်သော အဓိကဘာသာရပ်ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင်အသုံးချ Project တစ်ခုတို့ကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။

Diploma in Software Engineering သင်တန်းကို သင်ကြားမှု အတွေ့အကြုံသာမက လုပ်ငန်းခွင်အတွေ့အကြုံရင့်ကျက်သော ဆရာ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ ထို့အပြင် Software ရေးသားမှု အတွေ့အကြုံရှိသူများက ထပ်မံ၍ လုပ်ငန်းခွင် အတွေ့အကြုံများကို Knowledge Sharing အနေဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

တက်ရောက်နိုင်

တက်ရောက်လိုသူ ကျောင်းသားများအတွက် သင်တန်းကြေးကိုလည်း အရစ်ကျပေးသွင်းနိုင်စေရန် စီစဉ်ထားရှိပြီး သင်တန်းကို တက္ကသိုလ်ဝင်တန်း အောင်မြင်ထားပြီးသူများမှစ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။

သင်တန်း တန်းခွဲသစ်ကို ၂၀၁၀ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်မည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူ ကျောင်းသားကျောင်းသူများအား အထူး Discount ဖြင့် လက်ခံပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းတက်ရောက်လိုသူ ကျောင်းသားများနှင့် မိဘများသည် အသေးစိတ်အချက်အလက်များကို Myanmar Professionals Education Centre (MPEC) အမှတ် (၁၁၂) အခန်း (၁၁၊ ၁၂) စမိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်းပေးသွင်းထားနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေး

စက်အစိတ်အပိုင်းများ စနစ်တကျတပ်ဆင်ပြီးစီးရေး မှာကြား

နေပြည်တော် ဇွန် ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၆ရက် နံနက်ပိုင်းက မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲယမန်းရွာအနီး အမှတ်(၂)တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေသိုလှောင်ထားရှိမှု၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းများတပ်ဆင်ပြီးစီးမှုနှင့် ကွန်ကရစ်သွန်းလောင်းပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးမှု၊ Decoration Work များ ဆောင်ရွက်ပြီးစီးမှုနှင့် Tailrace Channel & Switchyard Slope Protection လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ပင်မတမံပေါ်မှ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဓာတ်အားပေးစက်ရုံအတွင်း၌ အမှတ်(၁)စက်မှ ဓာတ်အားထုတ်လွှတ်မောင်းနှင်နေမှု အခြေအနေနှင့် အမှတ်(၂)စက် ဓာတ်အားထုတ်လွှတ်မောင်းနှင်နိုင်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အမှတ်(၃)စက်အတွက် Rotor လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေနှင့် အမှတ်(၄)စက်အတွက် Stator လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၁)စက် Turbine လည်ပတ်မောင်းနှင်နေမှုနှင့် အမှတ်(၂)စက် Turbine တပ်ဆင်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ Contron Room ၌ Computer System ဖြင့် ဓာတ်အားပို့လွှတ်မှုအခြေအနေနှင့် ဓာတ်အားပေးစက်ရုံ Decoration Work များ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက စီမံကိန်း၏ ပင်မတမံလုပ်ငန်း၊ ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းနှင့် အထွက်ပိုင်းလုပ်ငန်းများ၊ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုနှင့် ဖိအားမြှင့်သံမဏိပိုက်လိုင်းများ တပ်ဆင်ပြီးစီးမှု၊ ကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် ဓာတ်အားပေးစက် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ စက်ရုံရေထုတ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် Switchyard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က အမှတ် (၁) စက်မှ ဓာတ်အားစတင်ထုတ်လွှတ်ချိန်မှ ယနေ့အထိ ဓာတ်အားထုတ်လွှတ်ပေးနိုင်သည့် အခြေအနေများနှင့် အမှတ်(၂)စက်မှ မကြာမီ ဓာတ်အားထုတ်လွှတ်ပေးနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်အစိတ်အပိုင်းများ စနစ်တကျနှင့် အချိန်မီပြီးစီးအောင် တပ်ဆင်ရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ဘရာဇီးနှင့် အင်ဂိုလာ လက်မှတ်ရေးထိုး

ဘရာဆီးလီးယား ဇွန် ၂၇

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားနှင့် ဘရာဇီးသို့ အလည်အပတ်ရောက်ရှိနေသူ အင်ဂိုလာသမ္မတ ဒေါ့စ်ဆန်တိုးစ်တို့က နည်းပညာသိပ္ပံနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သဘောတူညီချက် အသီးသီးကို ဇွန်၂၃ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပါဝင်

ယင်း သဘောတူညီချက်များတွင် ကျောင်းသား ကျောင်းသူများ အပြန်အလှန်လည်ပတ်ရေး၊ သိပ္ပံဆိုင်ရာ စုံစမ်းစစ်ဆေးရေးလုပ်ငန်းကွန်ရက် ထူထောင်ရေး၊ စိုက်ပျိုးရေးနည်းစနစ်ဆိုင်ရာ သတင်းဖလှယ်ရေးနှင့် ကြွေးမြီသစ်ဆိုင်ရာ နားလည်မှုစာချုပ်တို့ ပါဝင်မည်ဖြစ်သည်။

အရေးပါ

ကမ္ဘာတစ်ဝန်းရှိ ဌာနများအနေဖြင့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် အရေးပါမှုရှိသည့် အာဖရိကနှင့်တောင်အမေရိကကို လျစ်လျူရှုမထားနိုင်ဟု လူလာက ပြောကြားသည်။

အင်ဂိုလာသမ္မတ ဆန်တိုးစ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်တစ်နေရာရရှိရန် အဆိုပြုချက်ကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

ဂျီ-၈ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကနေဒါ တိုရွန်တိုမြောက်ပိုင်းတွင် ကျင်းပ

တိုရွန်တို ဇွန် ၂၇

ကနေဒါနိုင်ငံ တိုရွန်တိုမြို့မြောက်ပိုင်းရှိ အပန်းဖြေစခန်းတစ်နေရာ၌ ရှစ်နိုင်ငံအုပ်စု(ဂျီ-၈)ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကို ဇွန် ၂၅ရက်က ကျင်းပခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါ

ရှစ်နိုင်ငံအုပ်စု(ဂျီ-၈) ထိပ်သီးအစည်းအဝေး၌ အိမ်ရှင်ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါက အဖွင့်မိန့်ခွန်းပြောကြားသည်။

စူးစမ်းလေ့လာ

ဂျီ-၈ ခေါင်းဆောင်များအနေဖြင့်လည်း ကမ္ဘာ့စီးပွားရေး အမြန်ဦးမော့လာရေးနည်းလမ်းများကို ရှာကြံစူးစမ်း လေ့လာသွားရန် ရည်ရွယ်ဆွေးနွေးကြသည်။

ရည်မှန်းချက်

ဘဏ္ဍာရေးဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနေစဉ်အတွင်း ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှုရှိရေး ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ရုရှားနှင့်အမေရိကန်နိုင်ငံများမှ ခေါင်းဆောင်များက သဘောတူညီလိုက်ကြသည်။

သတိပေး

ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေရသည့် ပြဿနာများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဟုဆိုသည်။ ကူညီထောက်ပံ့မှုများ လျော့နည်းလာခြင်းသည် လူအများကို ပိုမိုတော်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့စေနိုင်သည်ဟု ကမ္ဘာ့ဘဏ်က အစောပိုင်းကပင် သတိပေးထားသည်။ (အင်တာနက်)

တရုတ်နိုင်ငံ ကွီကျိုပြည်နယ် ကွီယန်းမြို့ရှိ ယဉ်ကျေးမှုပြတိုက်အတွင်း ပြသထားသော ငွေထည်ဖြင့်ပြုလုပ်ထားသည့် ရိုးရာဝတ်စုံများကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

နှစ်နိုင်ငံအကျိုးစီးပွား အပြန်အလှန်စောင့်ရှောက်ရေး ပါကစ္စတန်နှင့်အာဖဂန် သဘောတူညီ

အစ္စလမ္မာဘတ် ဇွန် ၂၇

နှစ်နိုင်ငံ အကျိုးစီးပွားထိခိုက်ပျက်စီးစေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပိုင်နက်မြေများကို အပြန်အလှန်အသုံးပြုခွင့်မပြုရန် ပါကစ္စတန်နှင့် အာဖဂန်အစိုးရများက ဇွန် ၂၅ရက်တွင် သဘောတူညီလိုက်ကြသည်။

တွေ့ဆုံဆွေးနွေး

အစ္စလမ္မာဘတ်မြို့သို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိနေသော အာဖဂန်နိုင်ငံခြားရေးဝန်ကြီး ဇာမာအီရက်စ်ဆိုးလ်နှင့်ပါကစ္စတန်အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းကဲ့သို့ သဘောတူညီကြခြင်းဖြစ်သည်။

နှစ်နိုင်ငံအစိုးရများအနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် ဒေသတွင်းနှင့်နိုင်ငံတကာသဘောတူညီထားမှုများ အပါအဝင် နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

သဘောတူညီ

ထို့ပြင် နယ်စပ်ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်အပေါ် ပူးတွဲကော်မရှင်ဖွဲ့စည်းပြီး နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးများက ယင်းကော်မရှင်၌ ဥက္ကဋ္ဌအဖြစ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်ရန်လည်း သဘောတူညီကြသည်။

အမ်အင်န်အေ/ဆင်ဟွာ

အီရန်နယ်စပ်လုံခြုံရေး ၂၀၁၅ခုနှစ်တွင် အပြည့်အဝရရှိမည်

တီဟီရန် ဇွန် ၂၇

အီရန်နိုင်ငံအနေဖြင့် လုံခြုံရေးအစီအစဉ်များ တိုးမြှင့်ချမှတ်ထားသဖြင့် ၂၀၁၅ခုနှစ်တွင် နယ်စပ်ကာကွယ်ရေး လုံးဝရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း အီရန်ရဲတပ်ဖွဲ့အကြီးအကဲ မိုကက်ဒမ်က ဇွန်၂၆ရက်၌ ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

အီရန်၏လုံခြုံရေး တိုးမြှင့်ရန်အတွက် နယ်စပ်အနီး၌ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ပြီး လမ်းများဖောက်လုပ်ရာတွင် ငွေကြေးပိုမိုရင်းနှီးမြှုပ်နှံမည်ဟု ထိပ်တန်းတပ်ဖွဲ့မှူးက ဘိုရမ်ပီယေမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

၂၀၁၅ခုနှစ်တွင် နယ်စပ်လုံခြုံမှုရှိစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များအား ခေတ်မီပစ္စည်းများ တပ်ဆင်ပေးပြီး နယ်စပ်ကင်းလှည့်တပ်ဖွဲ့အရေအတွက် တိုးမြှင့်ချထားမည့် အစီအစဉ်တစ်ရပ်ကို မိုကက်ဒမ်က ကြေညာခဲ့သည်။

တားမြစ်နိုင်

အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေါ်လာ ၅၀၀တန်ဖိုးရှိ လောင်စာများ နိုင်ငံ၏အနောက်မြောက်နယ်စပ်မှတစ်ဆင့် မှောင်ခိုထုတ်နေမှုကို တားမြစ်နိုင်ခဲ့သည်ဟု အီရန်တပ်မှူးက ပြောကြားသည်။ (အင်တာနက်)

အာကာသယာဉ်စီမံကိန်း ရုရှားဆောင်ရွက်မည်

မော်စကို ဇွန် ၂၇

၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် ရုရှားနိုင်ငံက အာကာသလွန်းပြန်ယာဉ်များနှင့် အလွန်ကြီးမားသည့် အာကာသယာဉ်တင်ဒုံးပျံ တည်ဆောက်မည့်အစီအစဉ်ကို ပြန်လည်ဆောင်ရွက်မည်ဖြစ်ကြောင်း အင်တာဖက်စ်သတင်းဌာနက ဇွန်၂၆ရက်၌ ဖော်ပြသည်။

အာကာသယာဉ်တင်ဒုံးပျံသစ်များသည် ၂၄ တန်အလေးချိန်ရှိ ပစ္စည်းများ သယ်ယူနိုင်မည်ဟု မော်စကိုဗဟိုစက်တည်ဆောက်ရေးဌာနမှ ညွှန်ကြားရေးမှူးရိုင်ကူနော့ဗ်က စီးပွားရေးညီလာခံတစ်ခု၌ ပြောကြားသည်။

ဒုံးပျံစမ်းသပ်မှုများကို ၂၀၁၅ခုနှစ်တွင် စတင်ပြုလုပ်မည်ဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်မှုကို ၂၀၁၈ ခုနှစ်တွင် ပြုလုပ်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တည်ဆောက်

ရုရှားအာကာသအင်ဂျင်နီယာများသည် တန်၁၀၀ကျော် သယ်ဆောင်နိုင်သည့်ဒုံးပျံကို ယခုအခါ တည်ဆောက်နေကြသည်ဟု ၎င်းကပြောကြားသည်။

လိုက်ပါနိုင်

မဝေးလှသောအနာဂတ်တွင် ရိုင်ကူနော့ဗ်ဌာနက လူလိုက်ပါနိုင်သည့် အာကာသယာဉ်အသစ်တစ်စင်း တည်ဆောက်ရန်စီစဉ်နေသည်။ (အင်တာနက်)

လက်ထပ်ပွဲ၌ မီးလောင်မှုဖြစ်ပွား

တီဘက်ဆာ ဇွန် ၂၇

အယ်လ်ဂျီးရီးယားနိုင်ငံ တီဘက်ဆာဒေသ၏ တောင်ဘက် ကီလိုမီတာ ၁၁၀အကွာ စတက်ဂျန်တာမြို့ရှိ လက်ထပ်ပွဲတစ်ခုတွင် ဇွန် ၂၄ရက် ညနေပိုင်းက အကြမ်းဖက်အုပ်စုတစ်စု၏ မီးရှို့တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ဇွန် ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်ထွက်ပြေးသွားသူများအား အပူတပြင်း လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ/ဆင်ဟွာ



အာဂျင်တီးနားနိုင်ငံ ဘာရီလော့ချ်မြို့ရှိ အက်စ်အေစီ-ဒီဂြိုဟ်တုတီထွင်ထုတ်လုပ်ရေးလုပ်ငန်းခွင်ကို ဇွန် ၂၆ရက်က တွေ့ရစဉ်။ (အဆိုပါ ဂြိုဟ်တုကို ၂၀၁၀ခုနှစ် ကုန်ပိုင်း၌ အမေရိကန် ဒယ်လ်တာ-၂ ဒုံးကျည်ဖြင့် အာကာသအတွင်းသို့ ပူးတွဲလွှတ်တင်ရန် စီစဉ်ထားသည်။) (ဆင်ဟွာဓာတ်ပုံ)

ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ (၅၁)ကြိမ်မြောက် မီနီမော်တော်ကားပြပွဲအတွင်း လာရောက်ကြည့်ရှု လေ့လာကြသူများကို ဇွန် ၂၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေး ကျူးဘားနှင့်ရုရှား အကျိုးတူပူးပေါင်းဆောင်ရွက်

ဟာဗားနား ဇွန် ၂၇

ရုရှားအစိုးရသည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ရေနံတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီရုံးကို ဇွန် ၂၅ရက်က ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မြှင့်တင်

အဆိုပါ ဂျေအက်စ်စီ ဇာရုဘီဇာနက်ဖ် ရေနံကုမ္ပဏီကို ဖွင့်လှစ်ခြင်းဖြင့် အနာဂတ်တွင် ကျူးဘားနှင့်ရုရှားအစိုးရများအကြား ရေနံတူးဖော်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အထောက်အပံ့ဖြစ်

ထို့ပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်ရေး ကျူးဘားအစိုးရ၏ ဆောင်ရွက်ချက်ကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်ဟုဆိုသည်။

အကူအညီပေး

နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအရ ရုရှားအစိုးရအနေဖြင့် ကျူးဘားနိုင်ငံအနောက်ပိုင်းရှိ ဘိုကာဒီဂျာရုကိုရေနံသိုက်မှ ရေနံရှာဖွေတူးဖော်မှုနှင့် စပ်လျဉ်း၍ ကျူးဘားအစိုးရအား အကူအညီများပေးရန် သဘောတူညီသည်ဟု သိရသည်။

အမ်အင်န်အေ/ဆင်ဟွာ

အပူပိုင်းမုန်တိုင်းတစ်ခု မက္ကဆီကို ပင်လယ်ကွေ့သို့ ဦးတည်

မက္ကဆီကိုစီးတီး ဇွန် ၂၇

အပူပိုင်းမုန်တိုင်းတစ်ခုသည် မက္ကဆီကိုပင်လယ်ကွေ့ရှိ ရေနံယိုဖိတ်သည့်နေရာသို့ ဦးတည်နေကြောင်း၊ သို့ရာတွင် ဘီပီကုမ္ပဏီအနေဖြင့် ပန်းထွက်နေသည့် ရေနံထိန်းချုပ်နိုင်ရန် ကြိုးပမ်းမှုများတွင် တိုးတက်မှုများ ယနေ့တိုင်မရရှိသေးကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၆ရက်က ဖော်ပြသည်။

ခန့်မှန်း

ဒိုမီနီကန်ရီပတ်ဘလစ်နှင့် ဟေတီနိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းစေခဲ့သည့် အဆိုပါ အပူပိုင်းမုန်တိုင်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ပြောင်းလဲသွားနိုင်ခြေရှိသည်ဟု အမေရိကန်အမျိုးသားရာသီဥတုဌာနက ခန့်မှန်းပြောကြားသည်။

ဦးတည်

ယခုနှစ်ရာသီ၏ ပထမဆုံးဖြစ်သည့် အဆိုပါ အဲလက်စ်မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၇၀အထိ တိုက်ခတ်နိုင်သည့်အဆင့်သို့ရောက်ရှိနိုင်ပြီး မက္ကဆီကိုပင်လယ်ကွေ့မှ အမေရိကန်ပြည်ထောင်စုသို့ ဦးတည်တိုက်ခတ်ဖွယ်ရှိသည်ဟု ဆိုသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - ရေးသားသည်

အမေရိကန်မှ တိုက်လေယာဉ်သုံးစင်း ပါကစ္စတန်ရရှိ

အမေရိကန်နိုင်ငံမှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်အသစ်သုံးစင်းကို ပါကစ္စတန်လေတပ်က ဇွန် ၂၇ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ ၎င်းလေယာဉ်များသည် ပါကစ္စတန်နိုင်ငံ ဂျာကိုဘာဘာဒ်မြို့ ရှာဘတ်ဇ်လေတပ်အခြေစိုက်စခန်းသို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်မှ ပြောကြားသည်။

အင်ဒိုနီးရှား အနောက်ဂျာဗားပြည်နယ်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ဇွန် ၂၇ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ၃ရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း၊ သေဆုံးမှုနှင့်ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မည်

တောင်အာရှနိုင်ငံများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ တွေ့ဆုံဆွေးနွေးကြကြောင်း၊ ထို့အပြင် လူမှောင်ခိုကူးမှုများ နှိမ်နင်းရေးအတွက်လည်း လက်တွဲတိုက်ဖျက်ကြရန် ဇွန် ၂၇ရက်၌ ကိုယ်စားလှယ်များက သဘောတူညီကြသည်။

တရုတ်အနောက်မြောက်ပိုင်း၌ မိုင်းတွင်းပေါက်ကွဲ

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှီကောင်မြို့အနီးတွင် ကျောက်မီးသွေးမိုင်းတွင်း ဇွန် ၂၇ရက်၌ ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားနှစ်ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

မလေးရှားအရှေ့ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

မလေးရှားနိုင်ငံအရှေ့ပိုင်း ဆဝါဝပ်ပြည်နယ်တွင် ရဟတ်ယာဉ်တစ်စင်း ဇွန်၂၇ရက်၌ ပျက်ကျခဲ့ရာ အမေရိကန်လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ကြောင်း၊ ရဟတ်ယာဉ်မှာ မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

ကမ္ဘာ့စျေးကွက်၌ ဒေါ်လာစျေးနှုန်းပြန်တက်

ကမ္ဘာ့ငွေကြေးစျေးကွက်တွင် အမေရိကန်ဒေါ်လာစျေးနှုန်းများ အနည်းငယ်ပြန်တက်လျက်ရှိရာ ဂျပန်ငွေကြေးစျေးကွက်တွင် ဇွန် ၂၇ရက်၌ ဂျပန်ယန်းငွေ ၇၉ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဇွန် ၂၇ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း လာဟိုးမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆီးရီးယားသမ္မတ ကျူးဘားသို့ ခရီးထွက်

ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်သည် ကျူးဘားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်အဖြစ် ဇွန် ၂၇ရက်၌ သွားရောက်ကြောင်း၊ ကျူးဘားသမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဆီးရီးယားအရာရှိများက သတင်းထုတ်ပြန်သည်။

တရုတ်မြောက်ပိုင်း၌ သစ်တောမီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇွန် ၂၇ရက်၌ သစ်တောမီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၃၅၀ခန့် စုပေါင်းမီးငြိမ်းသတ်ခဲ့ရကြောင်း၊ အနီးဝန်းကျင်၌နေထိုင်သူ ဒေသခံများအား အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ***(အင်တာနက်)***

စပါးပျိုးထောင်နည်းစနစ် သရုပ်ပြပွဲ လောင်းလုံးမြို့နယ် ဝေဒီကျေးရွာ၌ကျင်းပ

လောင်းလုံး ဇွန် ၂၇

လောင်းလုံးမြို့နယ် ဝေဒီကျေးရွာ ဗဟိုမျိုးသန့်ခြံတွင် မိုးစပါးအား ပလတ်စတစ်ဆန်ခါပိုက်အသုံးပြု၍ ပျိုးထောင်ခြင်း လက်တွေ့သရုပ်ပြပွဲကို ဇွန် ၁၈ရက် နံနက် ၈နာရီက ကျင်းပသည်။ (ဝဲပုံ)

တက်ရောက်

အခမ်းအနားသို့ ထားဝယ်ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်လှ၊ လောင်းလုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

သရုပ်ပြ

ရှေးဦးစွာ ထားဝယ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်လှက သရုပ်ပြပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး သရုပ်ပြကွင်းအတွင်း မြို့နယ်မန်နေဂျာများနှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြ ရှင်းလင်းပျိုးထောင်ပြသသည်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ စာပြုသူနှင့်စာရှုသူ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်တွင် စာဖတ်ပရိသတ်တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာရေးဆရာနှင့် စာဖတ်ပရိသတ် ထိတွေ့သိရှိပြီး ရင်းနှီးမှုရှိရေး ဦးတည်ချက်များဖြင့် စာပြုသူနှင့် စာရှုသူ နှီးနှောဖလှယ်ပွဲအခမ်းအနားကို ဇွန် ၁၆ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

ဆွေးနွေး

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ညွန့်ဟံ(ကြူတော)က စာမူဖြစ်ပေါ်လာခြင်းနှင့် ပြည်သူကိုတင်ဆက်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ မြသန္တာက စာဖတ်သူဘဝမှ စာရေးသူဘဝသို့ ခေါင်းစဉ်ဖြင့်လည်းကောင်းဟောပြောကြရာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသူသုံးဦးက ပြန်လည်ဆွေးနွေးကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် စာဖတ်သူများ၏ ဆွေးနွေးမေးမြန်းချက်များနှင့် စာပေရေးရာများကို စာရေးဆရာများက ပြန်လည်ဖြေကြားဆွေးနွေးကြပြီးနောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချစ်စိန်က ဂုဏ်ပြုလက်ဆောင်များကို စာရေးဆရာများထံ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

တိုက်ကြီး မြို့မစျေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ဇွန် ၁၄ရက်က မြို့မစျေးကြီး၌ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးညှင်းစည်ပင် ပင်လုံလမ်းကတ္တရာတိုးချဲ့ခင်း

မိုးညှင်း ဇွန် ၂၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့သည် ဇွန် ၁၆ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် အဖွဲ့ရန်ပုံငွေဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇင်မင်းထွဋ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပင်လုံလမ်း(မြို့နယ်ရုံးရှေ့လမ်း) ကတ္တရာလမ်းတိုးချဲ့ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သန်းထွန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။ **(မြို့နယ်စည်ပင်)**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်လူနေရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး ရေမြောင်းတူးဖော်မှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောဘေးလေဂရေး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဇွန် ၂၇

ရေဝတီတိုင်း ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်အေးနှင့် ဝန်ထမ်းများသည် မေ ၁၅ရက်နှင့် ၁၆ရက်များက မြို့နယ်အတွင်းရှိ မိဿလင်ကုန်း၊ မြတ်သာ၊ နတ်မှူး၊ သစ်တိုဆိပ်၊ ဒွန်းတဘက်နှင့် ထူတောကမြကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကြပြီး ရေလုပ်ငန်းခွင်များအား ကြည့်ရှုစစ်ဆေးကာ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောကြသည်။

ဟောပြော

ထို့နောက် မေ ၁၈ရက်တွင် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်အေးက ငါး၊ ပုစွန်အဝယ်ဒိုင် လုပ်ငန်းရှင်များ၊ အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့်တွေ့ဆုံပြီး ငါးရစ်ငါးသန် ကာလဖြစ်သော မေ၊ ဇွန်နှင့် ဇူလိုင်လများ တွင် ငါးရစ်ငါးသန်များနှင့် ဥကပ်ပုစွန်တုပ်များ မဖမ်းဆီးရေး၊ ဘက်ထရီရှော့တိုက်နှင့် အဆိပ်ချငါးဖမ်းခြင်းမပြုရေး၊ တားမြစ်ထားသည့် ငါးဖမ်းပိုက်များဖြင့် ငါးရစ်ငါးသန်ကာလများတွင် ငါးဖမ်းဆီးခြင်း မပြုရေးတို့ကို ပညာပေး ဆွေးနွေးဟောပြောသည်။ (၁၄၂)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လမ်းမတော် လမ်းနှင့် ဦးဘချိုလမ်း ကွန်ကရစ်တံတား အလျား ၁၈ ပေ၊ အနံ ၆ပေ၊ အမြင့် ၄ပေ တံတား တည်ဆောက်နေမှုကို မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၇

ပညာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း **(အပေါ်ပုံ)** တက်ရောက်၍ အမှာစကား ပြောကြားရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှု လုပ်ငန်းများနှင့် စီမံခန့်ခွဲရေး၊ လုံခြုံရေးကိစ္စများကို ထိရောက်စွာ ကြပ်မတ် ဆောင်ရွက်သွားကြရန်၊ သင်ယူတတ်မြောက်မှု လုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေး အတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပြီးဖြစ်သဖြင့် သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားလာစေရန် ကြပ်မတ်ဆောင်ရွက်ကြရန်၊ အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံ သင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးပြီးဖြစ်သဖြင့် ကျောင်းအုပ်ချုပ်မှုနှင့် သင်ကြားမှု အရည်အသွေး မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပါရဂူသင်တန်းများ အရည်အသွေးပြည့်ဝအောင် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများနှင့် ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ပြည်နယ်နှင့်တိုင်းပညာရေးမှူးများက သက်ဆိုင်ရာအလိုက် စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ကျောင်းစစ်ဆေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တာဝန်ခံပါမောက္ခချုပ်များက စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုများ၊ ပါရဂူဘွဲ့ သင်တန်း များနှင့် ဘွဲ့ကြိုဘွဲ့လွန်သင်တန်း ဖွင့်လှစ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် များကိုလည်းကောင်း၊ ဦးစီးဌာနများနှင့် အဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ သူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက် မည့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ် သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

လေ့ကျင့်သင်ကြားပေး

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအောင်မျိုးမင်းက အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့် ပညာကဏ္ဍနှစ်ရပ်စလုံးတွင် အားကစားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် ကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးသင်ကြားပေးရေးနှင့် မျိုးချစ်စိတ်ဓာတ် ရင့်သန်သော နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင္မမအကြိမ်မြောက်
အသက်ရာကျော် ဘိုးဘွားပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၇

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း (၁၃)နှစ်ပြည့် အထိမ်း အမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် ၁၀၀နှင့်အထက် ဘိုးဘွားများအား ဆဋ္ဌမ အကြိမ်မြောက် အသက်ရာကျော် ဘိုးဘွား ပူဇော်ပွဲကို ဇူလိုင်၂၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် (ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်နှင့် မြောက်ဘက်မုခ်အကြား)၌ ကျင်းပမည် ဖြစ်သဖြင့် အသက်၁၀၀နှင့်အထက် ဘိုးဘွား များ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့၏ထောက်ခံချက်၊ဘိုးဘွားများ၏ ပို့စကတ်အရွယ် ဓာတ်ပုံတစ်ပုံတို့နှင့်အတူ ပူဇော်ပွဲသို့ ဘိုးဘွားများ တက်ရောက် နိုင်ခြင်းရှိ မရှိကိုပါ ရေးသွင်း၍ မင်္ဂလာ ဗျူဟာပရဟိတအဖွဲ့သို့ ဇူလိုင် ၁၆ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့နိုင် သည်။

ဖိတ်ကြားထား

ယမန်နှစ် ပူဇော်ပွဲတွင် အသက်၁၀၀ နှင့်အထက် ဘိုးဘွား၅၈ဦးတို့ကို ပူဇော် နိုင်ခဲ့ပြီး ယခုနှစ်ပူဇော်ပွဲအတွက် အလှူငွေ နှင့် လှူဖွယ်ပစ္စည်းအစရှိသည်တို့ကို မင်္ဂလာ ဗျူဟာပရဟိတအဖွဲ့ရုံးခန်းနှင့်အတွင်းရေးမှူး ဒေါ်ခင်လှဝင်း ဖုန်း-၀၉-၅၁၇၅၆၅၂၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်မျိုးမင်း ဖုန်း-၀၉- ၅၁၉၆၈၂၂နှင့် ဘဏ္ဍာရေးမှူး ဦးဌေးဝင်း ဖုန်း-၀၉-၈၀၂၂၄၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်ကြရန်ဖိတ်ကြား ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၂၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၂၄)၌ သဘာဝ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပလိပ်ရောဂါဖြစ်နိုင်ခြေရှိ၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လို၊ ငှက်ပျောသီးတင်ကားအများကြောင့် ယာဉ်ငါးစီးဆင့်တိုက်မှု ဖြစ်ပွား၊ မြန်မာနိုင်ငံတွင် နှစ်အတန်ကြာပျောက်ကွယ်နေသော ရှားပါးငှက်မျိုး ပြန်ရှာတွေ့၊ လုပ်ငန်းရှင်အချို့ ပြည်ပမှအောက်တိန်းဆီ စုပေါင်းမှာယူတင်သွင်းကာ ရောင်းချရန် စီစဉ်နေ၊ ထားဝယ်ဒေသရှိမြို့ဟောင်းများမှ ရှေးဟောင်းဒင်္ဂါးများနှင့် ထူးခြားဆန်းပြား ဆေးတံများ၊ ရွှေလျားမြေပုံတိုင်းစနစ်ပါ ဝက်ဝွန်အမျိုးအစား ဂျပန်နိုင်ငံထုတ်မော်တော် ယာဉ်များတင်သွင်းမည်၊ ဂျပန်တုပ်ကွေး သတိပြုသင့်၊ ဆေးပညာရပ်ဆိုင်ရာများအတွက် အမေရိကမှတိုက်ရိုက်ပေးအပ်မည့် အောင်လက်မှတ်နှင့်လိုင်စင်အား ပြည်တွင်းတွင် သင်ကြားဖြေဆိုနိုင်ပြီ၊ သူတို့လိုလူများလည်းရှိပါသည်၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ် ခဲ့သော စံချိန်တင်မိုးရွာသွန်းမှုကြောင့် မြစ်ရေများမြင့်တက်ကာ ရေလမ်းကြောင်း ပျောက်ကွယ်မှုများဖြစ်ပေါ်ခဲ့ စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ တာအိုဝါဒ၏ အနာဂတ်ကိုရှာဖွေခြင်း Myanmar DISCOVERY ၊ ကျွန်တော်တို့အားလုံးရဲ့ တူညီတဲ့ရည်ရွယ်ချက်ကတော့ စစ်ဆိုတာကို ဒီကမ္ဘာမှာ နောက်ထပ်မဖြစ်ချင်တော့ ပါဘူး သူ့ဘဝ သူ့ဒဿနကဏ္ဍ၊ နိုင်ငံခြားသားနှင့်လက်ထပ်မှုနှင့် လူကုန်ကူးခံရမှု ကဲ့သို့သော ဖတ်စရာ၊ မှတ်စရာ ဆောင်းပါးများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီ ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် ထာဝရငြိမ်းချမ်းရေး နိုင်ငံတကာဆောင်းပါးနှင့်အတူ ကမ္ဘာ့ ဖလားရယ်.... ရှင့်ကြောင့် ကျွန်မအသည်းတွေကွဲကြေခဲ့ရပြီ၊ အာဖဂန်နစ္စတန်နှင့် ပတ်သက်၍ ဗြိတိသျှအစိုးရက ခြေလှမ်းသစ်တစ်ရပ်ဖြင့် ချဉ်းကပ်ရန်ပြင်ဆင်၊ တရုတ်နည်းပညာကုမ္ပဏီတို့က နိုင်ငံရပ်ခြားဈေးကွက်အထိ တိုးချဲ့၍ ဘက်ပြိုင်အန်တု၊ အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုက အင်တာနက်ကို တင်းကျပ်သောစည်းမျဉ်းများဖြင့် ထိန်းချုပ်ရန်လိုလား၊ စင်ကာပူဈေးဝယ်ဆိုင်များ မိုးရေကြီးခြင်းဘေးနှင့်ကြုံတွေ့ခဲ့ရ၊ အိန္ဒိယနိုင်ငံတွင် ကမ္ဘာ့တတိယအကြီးမားဆုံးလေဆိပ်ကြီး စတင်ဖွင့်လှစ်တော့မည်၊ အာရှသည် စီးပွားရေးစွမ်းစွမ်းတမံထုတ်လုပ်ရာဒေသကြီးဖြစ်လာလိမ့်မည်ဟု IMF ရှုမြင်၊ ဒေါ်လာတန်းဖိုးကျဆင်းခြင်းက ဒေါ်လာကိုင်ဆောင်၍ ရောင်းဝယ်ဖောက်ကား ရာတွင် စိုးရိမ်မှုကိုသက်သာလျော့ပါး၊ Newsweek အားဝယ်ယူရန် တရုတ်မီဒီယာအုပ်စု၏ ဈေးပြိုင်ကမ်းလှမ်းမှု အရေးနိမ့်စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအဆင့်
ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး ဒိုင်သင်တန်းဆင်း

ရန်ကုန် ဇွန် ၂၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၀ခုနှစ် ပြည်နယ် နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး ဒိုင်သင်တန်းဆင်းပွဲ အခမ်း အနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၂ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ဒိုင် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးထံပေးအပ်သည်။ **(ယာပုံ)**

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဒိုင်လူကြီးအဖြစ် အသိအမှတ်ပြုကတ်ပြား များကို ပေးအပ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြား တော်မူသော ဥပ္ပါတသန္တိ ပါဠိတော်

၇း၃၀ ၂။ နံနက်ခင်းသတင်း

၇း၄၀ ၃။ အောင်တော်မူ
စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး-ဗိုလ်ကလေး တင့်အောင်)

၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၈း၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၈း၁၅ ၇။ **ချစ်သောမြေ ချစ်သောရေ**

၈း၃၀ ၈။ ကဒပွနရေထိန်းတံခါး

၈း၄၀ ၉။ International News

၈း၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ အကပဒေသာ

၄း၂၀ ၃။ တေးဂီတအစီအစဉ်

၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄း၄၀ ၅။ တေးဂီတအစီအစဉ်
(မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၅း၀၀ ၆။ ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၅)

၅း၀၅ ၇။ Football Planet
(၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပွဲကြိုသုံးသပ်ချက်)

၅း၂၅ ၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၁။ ဆိုကြမယ်ပျော်ကြမယ်

၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ
တို့အတူရှိစဉ်တုန်းက (အပိုင်း-၃၀)

၈း၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ **မနေ့က သည်နေ့နဲ့ မနက်ဖြန်**
အယ်လ်ဆိုင်းဇီ၊ သရုပ်ဆောင်-နန်းဆုရတီစိုးနှင့်အဖွဲ့ (တေးရေး-ဒီနေ့ပုဏ္ဏက)

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ
အဆိပ်သင့်တဲ့အချစ် ဒုတိယပိုင်း (အပိုင်း-၄)

၁၈။ သုခုမရင်ပြင်

၁၉။ အစီအစဉ်ပြီး၏။

စိုက်ပျိုးမြေရေယာတိုးချဲ့ရေး
နွားထိုးကြီး၌ ကွင်းဆင်းစစ်ဆေး

နွားထိုးကြီး ဇွန် ၂၇

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် သည် စိုက်ပျိုးမြေရေယာ တိုးချဲ့ရေးအတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအသစ် မိုင်တိုင်အမှတ်(၃၂၃)အနီး နွားထိုးကြီး မြို့နယ် ပြင်စည်ကျေးရွာ အုပ်စု ကွင်းအမှတ် (၂၂၂)ရှိ မြေလွတ်မြေရိုင်းများကို ဇွန် ၂၂ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ၂၀၁၀ခုနှစ် သီးနှံ တိုးချဲ့စိုက်ပျိုး ရေးအတွက် မန္တလေးတိုင်းအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဘေးဝဲယာနှစ်မိုင် အတွင်းရှိ မြေလွတ်မြေရိုင်းများကို တိုင်းတာဖော်ထုတ် ဆောင်ရွက်ရန် နွားထိုးကြီးမြို့နယ် မြေစာရင်းဦးစီးအရာရှိ နှင့် ဝန်ထမ်းများအား မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲ
တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် ဇွန် ၂၇

Conquest Organizing Group က ကြီးမှူး၍ Shine Construction ၏ အဓိကပံ့ပိုးကူညီမှုဖြင့် မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲကို ဇွန် ၂၆ရက်မှ ၂၈ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရ လမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။

ဝယ်ယူနိုင်

အဆိုပါပြပွဲတွင် Shine Construction Group ၏ အရောင်းပြခန်းများနှင့် အတူ RAMMAR AUTOMOBILE ကားပြခန်း၊ Super Seven Star ကားပြခန်း၊CCS ကားအလှဆင်ပစ္စည်းပြခန်း များ၊ Best Luck Co.,Ltd. Naing Brother Co.,Ltd. မြန်မာအော်တို မိုဘိုင်းလ်ဂရု(ပ်)တို့၏ တာယာပြခန်းများ၊ MSP (ပန်းတိုင်သစ်)၊ အောင်သိန်းသန်း တို့၏ အင်ဂျင်ဝိုင်ပြခန်းများ၊ Toyo, Hein (YUKON)တို့၏ ဘက်ထရီအိုး ပြခန်းများ၊ MNZ ၏ ငွေရေစက်အရောင်း ပြခန်း၊ Three Friends Co.,Ltd. ၏ အဝတ်ခြောက်စက်၊ ခြင်ဖမ်းစက် အရောင်းပြခန်း၊ Home Glory, Universal Light Co., Ltd. Home Distribution, စိန်နှင့်မြကုမ္ပဏီတို့၏ ပရိဘောဂပြခန်းများ Zulux , Auto Star တို့၏ Car Audio အရောင်းပြခန်းများ၊ True Value Home/Office Security Systemပြခန်းများနှင့်အတူအခြား စိတ်ဝင် စားဖွယ်ရာ ပြခန်းတို့ကို ခင်းကျင်းပြသ ထားရာမည်သူမဆို အခမဲ့ဝင်ရောက်လေ့လာ ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်နှင့် နေထိုင်မှု ဆိုင်ရာပြပွဲ၌ ပြသထားသည့် Shine Construction ၏ အရောင်းပြခန်း ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွာမြေအဆင်း ပန်းတစ်ခင်းသို့ သင်းရနံ့မွှေးထုံ ကင်းပိုင်ကျူ

သတင်းခရီးသည် -မိုးမြင့်လွင် ဓာတ်ပုံမှတ်တမ်း-ထွန်းလွင်(သတင်းထောက်) စာမျက်နှာဖွဲ့စည်းမှု-ကျင်သန်းဦး (မြန်မာ့အလင်း)

ပဲခူး ဇွန် ၂၇

မြန်မာ့ကျေးလက်တို့ သဘာဝ ကား လှပသည်။ ရှုလိုက်တိုင်း စပါး ခင်းစိမ်းစိမ်းများ၊ ဖြောင့်တန်းနေ သော ရွာလမ်းများဖြင့် စိတ်ချမ်းမြေ့ စရာပင်....။

ကျေးလက်မြေသို့ ခရီးထွက်ခဲ့

မြို့ပြများနှင့်မခြား ကျေးလက် တောရွာများလည်း ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါး ထင်ထင် တွေ့မြင်နေရပြီ။ ထို့ပြင် မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက် သွယ်မှုမြန်ဆန်ချောမွေ့စေရေးအတွက် လမ်း၊ တံတားများကို တည်ဆောက် ပေးခဲ့ရာ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ခဲ့ပြီ ဖြစ်သည်။

ကျေးလက်သတင်းခရီးသည်အဖြစ် ပဲခူးမြို့နယ်တောင်ပိုင်း ကင်းပိုင်ကျူ ရွာသို့ ခရီးထွက်ခဲ့သည်။ ကင်းပိုင် ကျူကျေးရွာသည် ပဲခူးမြစ်ကမ်း နဖူး ပေါ်မှာတည်ရှိ၍ ပဲခူးမှ ပဲ့ထောင် စက်လှေဖြင့် သွားရသည်။ မီးရထား ဖြင့်သွားလျှင် ပဲခူးဘူတာမှ မီးရထား စီးပြီး ကျောက်တန်းကျေးရွာဘူတာ သို့မဟုတ် ထုံးကြီးစံပြကျေးရွာဘူတာ မှာဆင်းရသည်။ ထိုမှတစ်ဆင့်သုံးမိုင် ခန့်ခရီးဆက်ရသည်။ ကားလမ်းဖြင့် သွားလျှင် ပဲခူးမှရန်ကုန်သို့ ပြေးဆွဲ နေသည့် လိုင်းကားစီး၍ အင်းတကော် စံပြကျေးရွာတာဆုံတွင်ဆင်းရသည်။ ထိုမှတစ်ဆင့် ဆိုင်ကယ်ကယ်ရီ ၁၀မိုင် ခန့်စီး၍ ကင်းပိုင်ကျူသို့ ရောက်သည်။

ဖောက်လုပ်

အင်းတကော်တာဆုံမှ ကဝမြို့သို့ ဆက်သွယ်သည့်ကတ္တရာလမ်းမကြီး ကို ပြီးခဲ့သည့်နှစ်က ဖောက်လုပ် ပြီးစီးခဲ့သည်။ ကဝမြစ်ကူးတံတား ကြီး တည်ဆောက်ပြီးချိန်မှစ၍ ကဝ မြို့မှတစ်ဆင့် ရန်ကုန်၊ ပဲခူး၊ ခရမ်း၊ သုံးခွ၊ သန်လျင်နှင့် သနပ္ပင် စသည့် မြို့များသို့ အဆင်ပြေချော မွေ့စွာ သွားလာနိုင်ပြီ ဖြစ်သည်။

သတင်းခရီးသည်သည် ကင်းပိုင် ကျူရွာသို့ ကားလမ်းခရီးဖြင့်ပင်ထွက် ခဲ့ပြီး အင်းတကော်တာဆုံမှ ဆိုင်ကယ် ခရီးဆက်ခဲ့ရာ ရှစ်မိုင်ခန့်ဝေးသော ထုံးကြီးစံပြကျေးရွာမှ သုံးမိုင်ခန့် မြောက်ဘက်လမ်းခွဲအတိုင်း ဆက် သွားရသည်။

ကင်းပိုင်ကျူအထိ ၁၀ မိုင်ခန့်ဝေး သော ခရီးကို ဆိုင်ကယ်သမားလေးက မိနစ် ၂၀ဖြင့် အရောက်ပို့ပေးသည်။ မိုးရာသီမို့ လမ်းဘေးဝဲယာမြင်ကွင်း များသည် စိမ်းစိုလှပလို့နေသည်။ တောင်သူဦးကြီးများ လယ်ယာလုပ်ငန်း ခွင်ဝင်နေကြပြီဖြစ်ပေသည်။

ထုံးကြီးမှ ကင်းပိုင်ကျူကျေးရွာ နယ်နိမိတ်ဝင်သော် ဂဝံလမ်းမ အသစ် ကြီးကို တွေ့ရသည်။ ရွာအဝင်တွင် ကင်းပိုင်ကျူကျေးရွာမှ ကြိုဆိုပါ၏ ဟူသော ကျောက်တိုင်ဆိုင်းဘုတ်ကို ခံ့ခံ့ညားညားတွေ့မြင်ရသည်။ ဆိုင်း ဘုတ်နှင့် မလှမ်းမကမ်းတွင် လမ်းခင်း နေကြသည့် ရွာသားများ၊ ကျေးရွာ ဥက္ကဋ္ဌ ဦးစိုးပိုင်နှင့် လမ်းဖောက်လုပ် ရေးကော်မတီမှ ဦးဖိုးနီ၊ ဦးလှသောင်း၊ ဦးထွန်းအောင်၊ ဦးတင်ဟန်တို့အဖွဲ့ကို အဆင်သင့်ပင် တွေ့ရသည်။

လမ်းခင်းသည့်နေရာရှိ နားနေတဲ တွင် ကျေးရွာဥက္ကဋ္ဌ ဦးစိုးပိုင်အား ကင်းပိုင်ကျူကျေးရွာ၏ ဖွံ့ဖြိုးတိုးတက် မှုများနှင့်ဆောင်ရွက်မှုများကို မေးမြန်း မိသည်။

"ကျွန်တော်တို့ရွာမှာ အိမ်ခြေ၇၇၇ အိမ်နဲ့ လူဦးရေသုံးထောင်ကျော်နေထိုင် ကြပါတယ်။ ကင်းပိုင်ကျူရွာဖွံ့ဖြိုးရေး အတွက် ကျေးရွာရဲ့ပညာရေး၊ ကျန်း မာရေးနဲ့ လမ်းတံတားများအပြင် ကျေးရွာ မီးလင်းရေးကိုပါ အကောင်အထည်ဖော် နိုင်ခဲ့ပါတယ်။ ပြီးရင် ရွာထဲမှာလှေလာ ရင်တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ ရွာအနေနဲ့ စီးပွားရေးအပိုင်းကို ပြော ရရင် ဥယျာဉ်ခြံမြေ စိုက်ပျိုးကြသူက များပါတယ်။ ဘိုးဘွားများ လက်ထက် ကတည်းကပါ။ များသောအားဖြင့် နာနတ်၊ သရက်၊ ပိန္နဲ၊ မာလကာစတဲ့ သီးနှံတွေဟာ ပတ်ဝန်းကျင်ရွာတွေ ထက် ကျွန်တော်တို့ရွာက အများဆုံး ထွက်တယ်။ ဥယျာဉ်ခြံဧက ၈၀၀ရှိပြီး လယ်မြေ ဧက ၉၄၃ဧက စပါးစိုက်ပျိုး ကြပါတယ်"ဟု ဦးစိုးပိုင်က ရှင်းပြ သည်။ ရွာအတွင်း အိမ်တိုင်း၌ လျှပ်စစ် မီတာများ တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။

ကင်းပိုင်ကျူကျေးရွာ၌ ပထမဆုံး တယ်လီဖုန်းတပ်ဆင်သူဦးဖိုးနီ ဖုန်းဆက်ပြောဆိုနေသည်ကို တွေ့ရစဉ်။

"၁၉၈၉ခုနှစ်မှာတော့ ကျွန်တော် တို့ရွာမှာ အိပ်မက်မဟုတ်တဲ့ တကယ့် ဝမ်းသာကြည်နူးစရာကောင်းတဲ့ ပီတိ ကို ခံစားခဲ့ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ရွာကို လျှပ်စစ်မီးပေး နိုင်ခဲ့တာပါပဲ။ အခုဆိုရင် တစ်ရွာလုံး မီးထိန်ထိန်လင်းနေပါပြီ။ မီတာအလုံး ပေါင်း ၃၆၀ကျော်လည်း ချပေးခဲ့ပါ တယ်။ ဗို့အား၂၀၀ရှိတဲ့ ထရန်စဖော် မာကိုလည်း တပ်ဆင်ပေးခဲ့ပါတယ်။ ဒါကြောင့် ရွာမှာမီးသွေးမီးဖိုတွေအစား လျှပ်စစ်မီးဖိုတွေ ဖြစ်လာတယ်။ လျှပ် စစ်မီးဖိုတွေနဲ့ ထမင်းဟင်းတည်လာ နိုင်တယ်။ တီဗွီ၊ အောက်စက်တွေဆို လည်း အိမ်တိုင်းလို ကြည့်နိုင်ကြပါ တယ်။ ကလေးတွေဆိုလည်း ရေနံ ဆီမီးခွက်ကနေ လျှပ်စစ်မီးနဲ့ စာကျက် နိုင်ပါပြီ" ဟု သတင်း ခရီးသည်အား ဆက်လက်ရှင်းပြသည်။

ကင်းပိုင်ကျူကျေးရွာ ရွာလယ်လမ်းမကြီး တစ်နေရာ....

ကင်းပိုင်ကျူကျေးရွာတွင် ပညာ ရေးဖွံ့ဖြိုးမှုများကိုလည်း လက်တွေ့ အောင်မြင်အောင် လုပ်ဆောင်ပေး ထားနိုင်မှုကို တွေ့ရသည်။ ၂၀၀၃- ၂၀၀၄ ပညာသင်နှစ်ကစပြီး မူလ တန်းကျောင်းကနေ အလယ်တန်း ကျောင်းခွဲအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ဆရာ ဆရာမ ၁၄ဦးအထိ တိုးတက် လာခဲ့သည်။

ဘက်စုံဖွံ့ဖြိုး

ကင်းပိုင်ကျူရွာ ကျေးလက်လမ်း ဖောက်လုပ်ရေးနှင့် ပတ်သက်ပြီး လက် တွေ့ ဆောင်ရွက်နေသူတစ်ဦး ဖြစ် သည့် ဦးတင်ဟန်က "ထုံးကြီးစံပြ ကျေးရွာမှ ကင်းပိုင်ကျူကျေးရွာ သုံးမိုင် ရှည်လမ်းအူကြောင်းကို ၁၉၉၈ခုနှစ် မှစ၍ ဖောက်လုပ်ခဲ့ပါတယ်။ အခု လမ်းအူကြောင်းဖောက်ပြီးချိန်ကလို ရွာကနေ ပဲခူးကို လိုင်းကားနှစ်စီး နေ့စဉ် နံနက် ၈နာရီမှ စထွက်ပြေးဆွဲ ပေးပါတယ်။ ကျွန်တော်တို့ ရွာရဲ့ စုပေါင်းအား၊ မြို့နယ်စည်ပင်ရဲ့ ပံ့ပိုး မှုနဲ့ ရာသီမရွေးသွားလာနိုင်ဖို့ ဒီဂဝံ လမ်းကိုအခုမိုးဦးမကျခင်ကတည်းက စတင်ပြီး ခင်းခဲ့တာပါ။ မြို့နယ် စည်ပင်က လမ်းကြိတ်စက်တွေနဲ့ ရွာအရောက် လာရောက်ပြီး ကူညီပါ တယ်။ ရွာမှာဆိုလည်း ဆိုင်ကယ်စီး ရေ ၁၂၀လောက်ရှိပါတယ်။ ခရီး အမြန်သွားလိုသူတွေအတွက်တော့ ရွာကနေ အင်းတကော်အထိ နွေမိုး ဆောင်းကယ်ရီဆွဲတဲ့သူတွေ အမြဲရှိနေ ပါတယ်။

ထုံးကြီး စံပြကျေးရွာမှာလည်း အထက်တန်းကျောင်း ဖွင့်လိုက်ပြီမို့ ရွာကအလယ်တန်းပြီးတဲ့ ကလေးတွေ နီးနီးနားနား အိုးမကွာအိမ်မကွာအထက် တန်းကျောင်း တက်နိုင်ခဲ့ပြီပေါ့ဗျာ။ ဒါ့ပြင် ဆက်သွယ်ရေးပိုင်းဆိုလည်း ရွာတောင်ပိုင်းက ကိုဖိုးနီအိမ်မှာ (ကမ်းရိုးတန်း) ဖုန်းရှိတယ်။ သူက ရွာမှာ အစောဆုံး တယ်လီဖုန်းတပ် သူပဲ။ နောက်ပိုင်းမှ တစ်ဦးပြီးတစ်ဦး ဟန်းဖုန်းတို့၊ GSM ဖုန်းတို့နဲ့ တော် တော်ဟန်ကျနေပြီ"ဟု ၎င်းက ဆက် လက်ရှင်းပြသည်။

အိပ်မက်မဟုတ်

ကျေးရွာဥက္ကဋ္ဌ ဦးစိုးပိုင်၊ ဦးတင် ဟန်၊ ဦးဘိုနီ၊ ဦးလှသောင်း၊ ဦးထွန်း အောင်တို့နှင့် အတူ ကင်းပိုင်ကျူ ကျေးရွာလမ်းမကြီးဘက်သို့ လျှောက် ဝင်ခဲ့သည်။ လမ်းတွင် အသက်၇၀ ကျော်ရှိ အဘဦးအောင်ညွှန့်ဆိုသူက မိတ်ဆက်၍ ရွာအကြောင်း တစ်စိတ် တစ်ဒေသကို မေးမြန်းခဲ့ရာ-

"ကျုပ်တို့ရွာမှာ ဘာမျှလိုလေ သေးမရှိတော့ဘူး ဆရာလေးရေ.... ကျန်းမာရေးအတွက်ဆိုလည်း ဆေး ခန်းရှိတယ်။ စားချင်တာ လိုချင် တာဆိုလည်း ရွာမှာအကုန်ရှိတယ်။ အရင်က ဒီလိုဖြစ်လာလိမ့်မယ်လို့ မထင်မိခဲ့ဘူးဗျာ၊ အခုတော့ အိပ် မက်များ မက်နေသလားလို့တောင် ထင်ရတယ်။ ကျုပ်တို့ရွာ တကယ် တိုးတက်နေတာ"ဟု အားပါးတရ ဆိုပါသည်။

တွေ့မြင်

ကင်းပိုင်ကျူကျေးရွာ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများက အံ့သြဖွယ် ကောင်းသည်။ ကျေးလက် ဒေသပြည်သူတို့၏ ဘဝမြင့်မားရေး ကိုဘက်စုံစီမံကိန်းများဖြင့်လက်တွေ့ ဆောင်ရွက်ပေးနေခြင်းကို မျက်ဝါး ထင်ထင်တွေ့မြင်ခဲ့ရသည်။

ကင်းပိုင်ကျူကျေးရွာမှ သမင် လည်ပြန် ကြည့်ရင်း ဘက်စုံဖွံ့ဖြိုး တိုးတက်နေသော ကျေးရွာ၏ မြင် ကွင်းအလှကား သက်ဝင်လှုပ်ရှား နေသော ပန်းချီကား တစ်ချပ်နှယ်၊ ပန်းပေါင်းစုံ ပွင့်လန်းဝေဆာနေသော ဥယျာဉ်တစ်ခင်းနှယ် သင်းရနံ့မွှေးပျံ့ နေပြီဟု တွေးနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)



ကျေးရွာဖွံ့ဖြိုးရေး လျှပ်စစ်မီးထရန်စဖော်မာကြီးကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇွန် ၂၇

ဟုမ္မလင်းစစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး ကျင်းပသော ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ပညာသင်စရိတ်၊ သက်ကြီး ထောက်ပံ့မှုနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၉နာရီက ဟုမ္မလင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌဦးသိန်းထွန်း တက်ရောက်အမှာစကား ပြောကြား သည်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၂၇ရက်က အောင်ဆန်းလမ်းနှင့် ပြည်ထောင်စုလမ်းဘေးရှိ ပင်မရေနုတ်မြောင်းတစ်လျှောက် အမှိုက်နှင့် သဲ၊ နုန်းများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (ဝဝ၁)

တီးတိန်၌ စာအုပ်စာစောင်များပေးအပ်လှူဒါန်း

ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင်များလှူဒါန်းသောစာအုပ် စာစောင် ၁၂၃၄အုပ်ကို မြို့နယ်အတွင်းရေးမှူးဦးဂုန့်ဆွင်းခမ်၊ မြို့နယ်ဒုတိယရဲမှူး နေဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ် တို့က ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များသို့ ပေးအပ်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ဒီပဲယင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်သားသမီးများ ပညာသင်စရိတ်ထောက်ပံ့

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ကြေး၊ စာအုပ်နှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းပွဲကို မေ၂၇ရက်က ဒီပဲယင်းမြို့နယ်စခန်းရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်က တက္ကသိုလ်အဆင့်လေးဦး၊ အထက်တန်းအဆင့်ခြောက်ဦး၊ အလယ်တန်းအဆင့် ၁၂ ဦး၊ မူလတန်းအဆင့် ၁၉ဦးတို့အတွက် ပညာသင်စရိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၈၅၀ ထောက်ပံ့ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျောက်ထု၌ ကျင်းပ

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်း ဦးဆောင်လျက် ကျောက်ထုအထကကျောင်းဝင်း၊ မြို့မ ရပ်ကွက်စိုက်ခင်းနှင့် မုံဘို ရပ်ကွက်စိုက်ခင်းနေရာများတွင် ရပ်ကွက်အလိုက်အဖွဲ့ခွဲပြီး ကျွန်းနှင့်ယူကလစ်ပင် စုစုပေါင်းအပင်၁၅၀၀ကို ယခုနှစ်ရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် စိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

တမူးမြို့တွင် မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုး

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့ ကံကြီးဝတံတားနှင့် နန့်ဖာလုံကြား ကားလမ်း အနောက်ဘက် မြေကွက်လပ်တွင် ဇွန် ၁၉ရက်က မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင် ဆင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ယမနေပင် ၁၄၀၊ မဟော်ဂနီ ၇၅ပင်နှင့် စိန်ပန်း ၇၅ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

သုံးခွ၌ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းဆယ်ယူ

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ အောင်ဇေယျလမ်း၊ ယုဇနလမ်း၊ မင်းရဲကျော်စွာလမ်းနှင့် ရှင်စောပုလမ်း တို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၆ရက်က ရေမြောင်းဆယ်ယူခြင်း လုပ်ငန်း ဆောင်ရွက်ကြရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်မျိုးလှိုင် ကြီးကြပ် ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

တံတားဦး၌ စာကြည့်တိုက်များ စံ(၅)ရပ်ညီရေးဆောင်ရွက်

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်နှင့်ဝန်ထမ်းများသည် ကျေးရွာစာကြည့်တိုက်များစံ(၅)ရပ်နှင့်အညီ ဖြစ်ထွန်း ပေါ်ပေါက်လာရေးအတွက် ဇွန် ၇ရက် နံနက် ၁၀နာရီက တံတားဦးမြို့နယ် ကျွစွာ ကျေးရွာအုပ်စု ညောင်ကန်ကျေးရွာ ဆရာဦးသိန်းဇော်ဝင်း ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြိုင်မြို့၌ စနေနေ့တိုင်း သန့်ရှင်းရေးဆောင်ရွက်

မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများစုပေါင်း၍ အပတ်စဉ်စနေနေ့ တိုင်း သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ လ၏ဒုတိယပတ်တွင် မြိုင်မြို့ နှံ့သာမြိုင် ပန်းခြံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးမြင့်ဟန်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

ရွေးကောက်ပွဲဆိုင်ရာသင်တန်း မိုးမောက်၌ဖွင့်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇွန်၇ရက်က မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဦးဆောင်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲ ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တို့ ယင်းချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

အလုံးအရင်း တည်ဆောက်ပေးခဲ့သဖြင့် မကွေးတိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် တော်တော်များများသည် မြန်မြန်ဆန်ဆန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း၊ တံတားများနှင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာအောင် ယခုလို ဦးစားပေးကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်ကားလမ်းသစ် မိုင်အရှည် ၁၀၈မိုင် ၄ ဖာလုံကို ဖောက်လုပ်လျက်ရှိပြီး မကွေး-နတ်မောက်-ပျော်ဘွယ်ကတ္တရာလမ်း မိုင်အရှည် ၉၁မိုင် ၄ ဖာလုံကလည်း ပြီးစီးတော့မည်ဖြစ်ကြောင်း။

ဖွင့်လှစ်ပေး

ဤတံတားကြီးကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ယင်းချောင်းတံတား တည်ဆောက်သည့်နေရာ၌ မိုးရာသီဆိုလျှင် ရေအနက်ငါးပေ၊ ချောင်းအကျယ် ပေ ၃၅၀အထိ ရေဖြန့်စီးဆင်းသည့်ချောင်းဖြစ်ပြီး ရေများသည့်အခါတွင် ယာဉ်များ ဖြတ်သန်းမောင်းနှင်ရန် အချိန် ငါးနာရီလောက်အထိ စောင့်နေရသည့်အတွက် အတားအဆီးသဖွယ်ဖြစ်နေခြင်းကြောင့် ရာသီမရွေး သွားလာဆက်သွယ်နိုင်ရန် ဒီတံတားကြီးကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ယင်းချောင်းတံတားသည် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်ကားလမ်း နတ်မောက်မြို့နယ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၃၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ပေ ၁၀လက်မခွဲ၊ ယာဉ်တစ်စီးချင်း ၁၅တန် ခံနိုင်ဝန်ရှိသည့် (ဘေလီ+သစ်သား) တံတားအမျိုးအစားဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်းတွင် ဤတံတား အပါအဝင် တံတားကြီးအစင်း ၂၀ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တံတားအပိုင်းမှာ ၁၉၈၈ခုနှစ်ကနေ ယခုအချိန်အထိ ပေ ၁၈၀နှင့်အထက် ဤတံတား အပါအဝင် တံတားကြီးပေါင်း အစင်း ၂၄၀ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားတည်ဆောက်မှုအပိုင်းတွင် ပေ ၁၀၀နှင့် ပေ ၁၈၀အကြား တံတားပေါင်း ၂၉၁၅စင်းနှင့် ပေ ၁၈၀အထက် တံတားကြီး အစင်း ၂၄၀ တည်ဆောက်နိုင်ခဲ့ပြီး ပေ ၁၈၀အထက် တံတား အစင်း ၂၀ တည်ဆောက်ဆဲ ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုကဲ့သို့ လမ်း၊ တံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့်တိုင်းများရှိ ဒေသကြီးတစ်ခုနှင့်တစ်ခုသည် ရေကြောမြေကြောများ တစ်ဆက်တစ်စပ်တည်းဖြစ်လာသဖြင့် ဆက်သွယ်သွားလာမှု လွယ်ကူပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အသိပညာ ဗဟုသုတများ တိုးတက်မြင့်မားလာကာ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက်များ၊ ဆင်းရဲချမ်းသာမှုကွာဟချက်များလည်း တဖြည်းဖြည်း လျော့နည်းလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ပြည်နယ်၊ တိုင်းများတွင် လမ်းနှင့် တံတားများကို အကြောင်းမျိုးစုံသော အမျိုးသားရေးအမြင်များနှင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ကောင်းသောလက်ဆင့်ကမ်းအမွေများ ပေးနိုင်စေရန်၊ ထားခဲ့နိုင်စေရန် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ နောင်သားစဉ်မြေးဆက်များအတွက်လည်း လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် တံတားကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းအသစ်တစ်ခုရရှိခြင်း ဖြစ်သဖြင့် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျေးဇူးတင်စကား ပြောကြားရာ၌ မကွေးတိုင်း အတွင်းတွင် ၁၉၈၈ခုနှစ် မတိုင်မီက လမ်းမိုင်အရှည် ၁၃၉၄မိုင်သာရှိခဲ့ပြီး အခုဆိုလျှင် ၂၀၀၆မိုင်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းတွင် ယခင်က ကတ္တရာလမ်း ၅၀၁မိုင်သာရှိခဲ့သော်လည်း ယခုဆိုလျှင် ကတ္တရာလမ်း မိုင်အရှည် ၁၀၄၁မိုင်အထိ ဖောက်လုပ်ပေးနိုင်ခဲ့သကဲ့သို့ ၁၉၈၈ ခုနှစ်မတိုင်မီ မြစ်ကူးတံတား တစ်စင်းမျှ မရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ဧရာဝတီမြစ်ကူးတံတား မကွေးနှင့်ချောက် နှစ်စင်းဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် ဧရာဝတီမြစ်ကူးတံတား ပခုက္ကူနှင့် မလွန် နှစ်စင်းကို ဆက်လက်တည်ဆောက်ပေးနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ဆက်သွယ်ဖောက်လုပ်

အခုဖွင့်လှစ်သည့် ယင်းချောင်းတံတားသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ကို ဆက်သွယ်ဖြတ်သန်း ဖောက်လုပ်ပေးထားသည့် မိုင် ၄၀၀အရှည်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ပဲခူးတိုင်း သာယာဝတီမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ မကွေးတိုင်း အောင်လံ၊ ဆင်ပေါင်ဝဲ၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့

နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မလှိုင်၊ တံတားဦးမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီး မကွေးတိုင်းအတွင်း ၁၃၂မိုင်အရှည်ပါဝင်ကြောင်း၊ ထို့ကြောင့် အခု ဖွင့်လှစ်သည့်တံတားသည် ရန်ကုန်၊ ပဲခူး၊ မကွေး၊ မန္တလေးတိုင်းတို့ကို ဆက်သွယ် ဖောက်လုပ်ထားသည့် လမ်းကြောင်းတွင် အရေးပါသော တံတားတစ်စင်း ဖြစ်ကြောင်း။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အသစ်ဖောက်လုပ်နေသည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြားလမ်းနှင့်လည်း ဆက်စပ်တည်ရှိနေသည့် တံတားတစ်စင်းဖြစ်သည့်အတွက် အဓိကကျသော တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြားလမ်းသည် ပဲခူးရိုးမကို ဖြတ်ကျော်ပြီး နေပြည်တော်နှင့် မကွေးမြို့ကို ဆက်သွယ်ပေးသည့် ၁၀၇မိုင်ကျော်ရှည်သည့် လမ်းသစ်ကြီးဖြစ်ကြောင်း၊ ယခုအခါ မြေသားလမ်း ပြီးစီးနေပြီဖြစ်ကြောင်း။

အချိန်အခါမရွေး

ထို့ကြောင့် ယင်းချောင်းတံတား တည်ဆောက်ပေးလိုက်သည့်အတွက် နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မြို့သစ်-တောင်တွင်းကြီး - ပြည် - ရန်ကုန်အထိနှင့် မြို့သစ်-နေပြည်တော်အထိ ရာသီမရွေး၊ အချိန်အခါမရွေး သွားလာဆက်သွယ်နိုင်တော့မည်ဖြစ်ကြောင်း။

ရေရှည်တည်တံ့

ယခုကဲ့သို့ မိမိတို့နယ်မြေအတွင်း ပေ ၁၈၀နှင့်အထက် တံတားတစ်စင်း တည်ဆောက်ပေးသည့်အတွက် ဒေသခံပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိကြမည်ဖြစ်သကဲ့သို့ တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက တည်ဆောက်ပြီးတံတားများ မပျက်စီးရအောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြဖို့ မှာကြားလိုကြောင်း ပြောကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတားကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ပါကြောင်း ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် တံတားမုခ်ဦးသို့ သွားရောက်နေရာယူကြပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒေသခံ တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးကျော်လှိုင်တို့က ယင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များသည် မုခ်ဦးရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ယင်းချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းချောင်းတံတား အမျိုးအစားမှာ အပေါ်ထည်ကို ဘေလီနှင့်တံတားအောက်ထည်ကို သစ်မာပိုင်တိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ပေ ၃၂၀၊ ယာဉ်သွားလမ်း အကျယ် ၁၀ပေ ၁၀ လက်မခွဲ၊ ယာဉ် တစ်လမ်းမောင်းနှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၁၅ တန် ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ယင်းချောင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် အစင်း ၂၄၀မြောက် တံတားဖြစ်ပြီး မကွေးတိုင်း၏ အစင်း ၂၀မြောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

မြန်ဆန်သွက်လက်

ယင်းချောင်းတံတား ဖွင့်လှစ်ပေးသည့်အတွက် မကွေးတိုင်းမှ ထွက်ရှိသည့် မြေပဲ၊ နှမ်း၊ ဆန်စပါးနှင့် ကောက်ပဲသီးနှံများကို ပြည်နယ်နှင့်တိုင်းအသီးသီးသို့ မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများလည်း အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ယင်းချောင်း ရေကျနေချိန်တွင် ယာဉ်များ ဖြတ်ကူးနိုင်သည့် အချိန်အထိ ငါးနာရီခန့် စောင့်ဆိုင်းနေရန် မလိုတော့ဘဲ အချိန်ကုန်သက်သာစွာဖြင့် တံတားကြီးပေါ်မှ ဖြတ်သန်းသွားနိုင်မည် ဖြစ်သည့်အတွက် ခရီးလမ်းပန်းဆက်သွယ်မှုများ ပိုမိုမြန်ဆန်သွက်လက်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ အစင်း ၂၄၀မြောက် ယင်းချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

စင်ကာပူအသင်းနှင့် ခြေစမ်းပွဲအတွက်
ပထမလက်ရွေးစင်နှင့် ယူ-၂၃ အသင်းတို့ ခြေစမ်းမည်

ရန်ကုန် ဇွန် ၂၇

လာမည့် ဇူလိုင် ၂ရက်နှင့် ၄ရက်တို့တွင် စင်ကာပူအိုလံပစ်အသင်းနှင့် ခြေစမ်းကစားမည့် ပွဲစဉ်များအတွက် ပထမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ပထမ ယူ-၂၃ လက်ရွေးစင်အသင်းတို့သည် ဇွန် ၂၈ရက် (ယနေ့) ညနေ ၃နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားကြမည်ဖြစ်သည်။

အခမဲ့

စင်ကာပူအိုလံပစ်အသင်းနှင့် ခြေစမ်းပွဲအတွက် ပထမလက်ရွေးစင်အသင်းနှင့် ပထမ ယူ-၂၃အသင်းတို့သည် ပထမ ကစားသမား ၄၉ဦး ရွေးချယ်ထားပြီး လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးဆန်းဝင်း၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ ယူ-၂၃အသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြများအဖြစ် ဦးဇော်ဝင်းထွန်းနှင့် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့က တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။ ယင်းခြေစမ်းပွဲကို မြန်မာဘောလုံး ပရိသတ်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သူတို့ပါဝင်ကြ

နှစ်သင်းပေါင်းရွေးချယ်ထားသော ပထမ ကစားသမားများမှာ ဂိုး-သီဟစည်သူ၊ ကျော်ဇင်ထက်၊ ဇာနည်မင်း၊ ညီညီလွင်၊ နောက်တန်း-ခင်မောင်ထွန်း၊ မင်းသူ၊ ကျော်ကျော်မျိုး၊ မင်းကိုကို၊ ရန်အောင်ဝင်း၊ ဇော်လင်းထွန်း-၂၊ ဆန်းမင်း၊ မျိုးဝင်းထွဋ်၊ ကျော်ခိုင်ဝင်း၊ ဝင်းမင်းထွဋ်၊ အေးဆန်း၊ မိုးဝင်း၊ ငွေးအောင်၊ ရွှေလိုင်ဝင်း၊ နိုင်လင်းထွန်း၊ နီမောင်မောင်အောင်၊ ထွန်းလင်းအောင်၊ အလယ်တန်း-မင်းမင်းသူ၊ လှအေးထွေး၊ တင်ဝင်းအောင်၊ ကျော်ဇေယျာဝင်း၊ ဟိန်းဇာအောင်၊ ခင်မောင်လွင်၊ ဇော်ထက်အောင်၊ ရန်အောင်ကျော်၊ အောင်ကျော်မိုး၊ လွင်ဦး၊ အောင်မြင့်အေး၊ နိုင်နိုင်လင်း၊ စိုးကျော်သူ၊ မိုင်းအိုက်နိုင်၊ ရာဇာဝင်းသိန်း၊ စိုးမင်းဦး၊ မျိုးမင်းထွန်း၊ ပြည့်ဖြိုးဦး၊ ရဲဝေယံစိုး၊ သိန်းသန်းဝင်း၊ ရှေ့တန်း-ရန်ပိုင်၊ ကျော်ဘိုဘို၊ ခိုင်ဇော်ထွန်း၊ နိုင်ဦးလွင်၊ ကျော်သူရ၊ သက်နိုင်နှင့် ရဲဇော်ထက်အောင်တို့ ပါဝင်ကြသည်။ (မြန်မာ့အလင်း)

ကမ္ဘောဇနဲ့ ဒယ်လ်တာတို့ အရှုံးအနိုင်မပေါ်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ ဒယ်လ်တာယူနိုက်တက်တို့ တစ်ဂိုးစီ သရေကျသွားပါတယ်။

ကမ္ဘောဇ -တစ်ဂိုး
ဒယ်လ်တာယူနိုက်တက် -တစ်ဂိုး

ကမ္ဘောဇအသင်းဟာ ရန်ကုန်ယူနိုက်တက်နဲ့ ပထမပွဲထက် ကစားပုံ ပိုကောင်းခဲ့ပေမယ့် အနိုင်ရတဲ့အထိတော့ ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ၂၅မိနစ်မှာ ပေးလိုက်ရတဲ့ဂိုးကြောင့် နောက်ကလိုက် ကစားခဲ့ရသလို ဒုတိယပိုင်းမှာ ရရှိတဲ့ပယ်နယ်တီကန်ခွင့်ကိုလည်း အသုံးမချနိုင်ခဲ့တာကြောင့် နိုင်ပွဲစရမယ့် အခွင့်အရေးနဲ့ လွဲချော်ခဲ့ရပါတယ်။ မင်းမင်းထွန်း၊ ဇင်မျိုးအောင်တို့အပြင် ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူနေရတဲ့ စိုးသီဟအောင်ပါ ပြန်လည်ပါဝင်လာတဲ့ ဒယ်လ်တာအသင်းကတော့ ပွဲဦးထွက် သရေတစ်မှတ်နဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ ပထမပိုင်းမှာ ဂိုးရနိုင်တဲ့ အခွင့်အရေးတွေ ရခဲ့ပေမယ့် အသုံးမချနိုင်ခဲ့လို့ နိုင်ပွဲနဲ့ ဝေးခဲ့ရတာပါ။

ကြိုးစားခဲ့

ဒယ်လ်တာ အသင်းဟာ ဇင်မျိုးအောင်ရဲ့ ညာခြမ်းကနေ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ၂၅မိနစ်မှာ ဒယ်လ်တာအသင်း အဖွင့်ဂိုးစရခဲ့ပြီး မျိုးဇော်ခန့်က သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ချေပဂိုးသွင်းယူ

ဂိုးပေးလိုက်ရလို့ ကမ္ဘောဇအသင်း တိုက်စစ်ပြန်လည် အသက်ဝင်လာပြီး ၃၁မိနစ်မှာ သူရိန်စိုးက

ယခုဖွင့်လှစ်သည့် ယင်းချောင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် အစင်း ၂၄၀မြောက်တံတားဖြစ်ပြီး မကွေးတိုင်း၏ အစင်း ၂၀မြောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

မြန်ဆန်သွက်လက်

ယင်းချောင်းတံတား ဖွင့်လှစ်ပေးသည့်အတွက် မကွေးတိုင်းမှ ထွက်ရှိသည့် မြေပဲ၊ နှမ်း၊ ဆန်စပါးနှင့် ကောက်ပဲသီးနှံများကို ပြည်နယ်နှင့် တိုင်းအသီးသီးသို့ မြန်မာပြည် အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများလည်း အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ယင်းချောင်း ရေကျနေချိန်တွင် ယာဉ်များ ဖြတ်ကူးနိုင်သည့် အချိန်အထိ ငါးနာရီခန့် စောင့်ဆိုင်းနေရန် မလိုတော့ဘဲ အချိန်ကုန်သက်သာစွာဖြင့် တံတားကြီးပေါ်မှ ဖြတ်သန်းသွားနိုင်မည် ဖြစ်သည့်အတွက် ခရီးလမ်းပန်းဆက်သွယ်မှုများ ပိုမိုမြန်ဆန်သွက်လက်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရိုင် နတ်မောက်မြို့နယ် တောင်တွင်းကြီး-ပေါ်ရှိ အစင်း ၂၄၀မြောက် ယင်းချောင်းတံတား
(သတင်းစဉ်)



** ရှေ့ဖုံးမှ*

ခြေလျင်တောင်တက် ရွှေရတုအထိမ်းအမှတ်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီခန်းမ၌ ဇွန် ၂၇ရက် မွန်းလွဲ ၁နာရီ၌ ပြုလုပ်ခဲ့ရာ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိလေ့လာစေ့ငုခဲ့သည်။

မေးမြန်း

ခန်းမအတွင်း ဧည့်သည်များနှင့် အလုပ်များနေသော တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန) ရန်ကုန်တက္ကသိုလ်နှင့် တွေ့ဆုံကာ သိလိုသည့်အချက်များကို မေးမြန်းခဲ့သည်။

ရှင်းပြ

"ဒီအသင်းကိုဖွဲ့စည်းခဲ့တာ နှစ်(၅၀)ရှိခဲ့ပြီ နာယကတွေ၊ ဥက္ကဋ္ဌတွေ အဆက်ဆက် တာဝန်ယူခဲ့သလို အဖွဲ့ဝင်ဟောင်း၊ အဖွဲ့ဝင်အသစ်တွေလည်း များနေပါပြီ။ အခုအချိန် အားလုံးပြန်လည်ဆုံတွေ့မှု၊ အသိပညာ ဗဟုသုတတွေ ဖလှယ်နိုင်ကြမှုတွေ ပြုလုပ်နိုင်ကြသလို နွေးထွေးမှု၊ စုစည်းမှုတွေလည်း ဖြစ်စေနိုင်တဲ့ပွဲပါပဲ" ဟု ရှင်းပြသည်။

ရွှေရတုအထိမ်းအမှတ်ပွဲအဖြစ် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာပိုင်စိုး၊ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း နာယက ဒေါက်တာ အောင်ထွန်းသက်တို့ကလည်း နှုတ်ခွန်းဆက်စကား၊ ဂုဏ်ပြုစကားများ ပြောကြားသည်ကို တွေ့ရသည်။ ထို့နောက် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း၏ နောက်ဆုံး သွားရောက်ခဲ့သော ခရီးစဉ်ကို မေးမြန်းခဲ့သည်။

ခရီးကြမ်းထွက်

"ပြီးခဲ့တဲ့ ဧပြီ ၁၀ရက်မှ ၂၁ရက်အထိ တနင်္သာရီတိုင်း မြိတ်-ထားဝယ် ခရီးကြမ်းကို သွားရောက်ခဲ့ပါတယ်။ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီး ၄၈ဦး ပါဝင်တယ်။ မြန်မာနိုင်ငံ တောင်ဘက်ပိုင်းကို ပထမဆုံး ခရီးကြမ်းထွက်ခြင်းပါပဲ။ ရွေးချယ်တာကတော့ နယ်မြေအသစ်ဖြစ်တာရယ်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေရန်နဲ့ ခရီးရှည်တောင်တက်ဖို့အတွက် အလေ့အကျင့်ဖြစ်အောင်လို့ ဖြစ်ပါတယ်" ဟု ဦးမျိုးသန့်က ရှင်းပြသည်။

"ကျွန်တော်တို့အသင်း တည်ထောင်တာ ရွှေရတုတိုင်ခဲ့ပါပြီ"
ဦးမျိုးသန့် (ဥက္ကဋ္ဌ)
တက္ကသိုလ်များ
ခြေလျင်နှင့်တောင်တက်အသင်း။

မြိတ်-ထားဝယ်သို့ ခရီးကြမ်းထွက်ခဲ့ရာတွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်သူနာပြုတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်နှင့် ဆေးတက္ကသိုလ် (၂) (ရန်ကုန်)တို့မှ တောင်တက်အဖွဲ့ဝင်များ ပါဝင်ကြသည်။

ဆက်လက်ပြောပြ

"အဲဒီခရီးကြမ်းမှာ တက်ခဲ့တဲ့တောင်တွေက အနောက်မြင်းမိုရ် လက္ခတ်တောင်၊ ရှင်မော်တောင်၊ စပါးတောင်တော်မိုးတောင်၊ ထားဝယ်အငူတောင်နဲ့ အခြားတောင်တွေဖြစ်ပါတယ်။ အဲဒီတောင်တွေမှာ အမြင့်ဆုံး ပေ ၄၀၀၀မြင့်ပြီး အနိမ့်ဆုံးကတော့ ပေ ၁၅၀၀ ရှိပါတယ်။ အီကွေတာရာသီဥတုရဲ့ အနေအထားကိုလည်း တောင်တက်အဖွဲ့ဝင်တွေ ကြုံတွေ့ခွင့်ရအောင်လို့၊ ကွဲပြားတဲ့ တောတောင်ရေမြေသဘာဝကိုလည်း ထိတွေ့နိုင်အောင်လို့ သွားရောက်ခဲ့ကြခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

"မြိတ်-ထားဝယ် ခရီးကြမ်း အတွေ့အကြုံသစ်တွေ ရရှိစေပါတယ်"
ဒေါ်နီနီအေး(အတွင်းရေးမှူး)

တောင်တက်အဖွဲ့ဝင်များ

တောင်တက်အဖွဲ့ဝင်များ ဤသို့ ခရီးလမ်းကြမ်းများကိုလည်း ဖြတ်ကျော်ခဲ့ရသည်။

မြိတ်-ထားဝယ် ခရီး

ထို့နောက် မြိတ်-ထားဝယ် ခရီးကြမ်းတွင် လိုက်ပါသွားခဲ့သော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပထဝီဝင်ဌာနကထိကနှင့် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း အတွင်းရေးမှူး ဒေါ်နီနီအေးကို ဆက်လက်မေးမြန်းခဲ့သည်။

ထူးခြားမှုတွေရှိ

"မြိတ်-ထားဝယ် ခရီးစဉ်က ထူးခြားမှုတွေရှိပါတယ်။ အရင်က သွားခဲ့တဲ့ ကချင်ပြည်နယ်ဘက် ခရီးစဉ်တွေနဲ့ ခရီးကြမ်းတာချင်း မတူပါဘူး။ နောက်ပြီး ဒေသခံတွေရဲ့ဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုတွေလည်း ကွဲပြားစွာ တွေ့ရပါတယ်။ အနောက်မြင်းမိုရ် လက္ခတ်တောင်ဆိုရင် အတက်တစ်လမ်း၊ အဆင်းတစ်လမ်းဖြစ်ပြီး အဆင်းလမ်းကပိုပြီး ခရီးရှည်တာ တွေ့ကြုံခဲ့ရပါတယ်။ တောင်အဆင်းလမ်းမှာ မိုးချုပ်ခဲ့လို့ မီးတုတ်တွေနဲ့ ဆင်းခဲ့ရတာကလည်း အဖွဲ့ဝင်အသစ်တွေအတွက်၊ ညတောင်တက်ခရီးစဉ်တွေအတွက် အတွေ့အကြုံရစေခဲ့ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ခံစားမှု

မြိတ်-ထားဝယ် ခရီးကြမ်းတွင် အချို့တောင်များကိုတက်ပြီး တောင်ထိပ်မှ ပတ်ဝန်းကျင်ကိုကြည့်လျှင် ရေပြင်တစ်မျှော်တစ်ခေါ်ကို မျက်စိတဆုံး မြင်တွေ့ခဲ့ရမှုကလည်း တောင်တက်အဖွဲ့ဝင်များအတွက် မြင်ကွင်းအသစ်၊ ခံစားမှုအသစ်များဖြစ်ပေါ်စေခဲ့သည်။ ခရီးကြမ်းသွားလာရမှုအတွက် အလေ့အကျင့်ကောင်းများ ရစေခဲ့ကြောင်း သိရသည်။

အတွေ့အကြုံကောင်းများရ

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းအနေဖြင့် မြိတ်-ထားဝယ် ခရီးကြမ်း၌ အခက်အခဲတစ်စုံတစ်ရာ မရှိခဲ့ကြောင်း၊ အတွေ့အကြုံကောင်းများ ရရှိကြောင်း၊ ၂၀၁၀ ဩဂုတ်လအတွင်း၌ လှည်းကူးမြို့နယ် ငါးဆူတောင်သို့ ရက်တိုခရီးကြမ်းထွက်ရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထို့အပြင် လာမည့်နိုဝင်ဘာလတွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်ရှိ အီမောဘွန်းရေခဲတောင်သို့ တက်ရောက်ရန်လည်း အစီအစဉ်ရှိနေသည်။

ရွှေရတုခရီး

ထို့ကြောင့် ရွှေရတုခရီးတိုင်ခဲ့ပြီဖြစ်သော တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းကား အဖွဲ့ဝင်သစ်များ၊ အဖွဲ့ဝင်ဟောင်းများဖြင့် မြန်မာနိုင်ငံတစ်ဝန်း မြင့်မားသော တောင်များကို တက်ရောက်ဆဲ၊ တောင်တန်းများကို ဖြတ်ကျော်ဆဲ၊ ခရီးကြမ်းများကို ဖြတ်သန်းဆဲပင် ဖြစ်ပါကြောင်း။ ။
(မြန်မာ့အလင်း)

● ကျောဖုံးမှ

အင်္ဂလန်အသင်းတွင် ရွန်နီ၊ လမ်းပတ်၊ ဂျရတ်၊ အက်ရှ်လေကိုးလ်၊ ဒေးဗစ်ဂျိမ်းစ်၊ ဂျွန်တယ်ရီအစရှိသော နာမည်ကြီးကစားသမားများ ပါဝင်ကစားခဲ့ကြသည်။ ဂျာမနီအသင်းတွင်လည်း ပိုဒေါစကီး၊ သောမတ်စ်မူလာနှင့် ကလိုဆေးအစရှိသော ဂျာမန်ဘောလုံးအကျော်အမော်များ ပါဝင်ကစားခဲ့သည်။ ပွဲစပြီး မိနစ် ၂၀အကြာ ဂျာမနီဂိုးသမား ကွင်းလယ်ဗဟိုစက်ဝိုင်းဆီသို့ အမြောက်ကန်တင်ပေးလိုက်သောဘောလုံးမှာ အင်္ဂလန်ဂိုးဧရိယာရှေ့ ၁၀ကိုက်အကွာကျလာပြီး တိုက်စစ်မှူး ကလိုဆေး အင်္ဂလန်နောက်တန်းလူတစ်ဦးလက်ကို ဖမ်းချုပ်ထားရာမှ ရုန်းထွက်ကာ ညာခြေဖြင့်ခတ်သွင်းလိုက်ရာ အင်္ဂလန်ဂိုးသမား ဒေးဗစ်ဂျိမ်းစ် ဘယ်ဘက် အောက်ထောင့်ထဲသို့ ဈေးခနဲဂိုးဝင်သွားသည်။

လှလှပပကန်သွင်း

ဂျာမနီအသင်း၏ ဒုတိယဂိုးမှာ ပွဲစပြီး ၃၂မိနစ်အကြာ သောမက်စ်မူလာ ညာတောင်ပံမှ လွတ်လွတ်ကျွတ်ကျွတ် အကွက်ဆင်ဖန်တီးပေးလိုက်သော ဘောလုံးကို ဘယ်တောင်ပံတွင်ရှိနေသည့် ပိုဒေါစကီးက လှလှပပကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

နစ်နာခဲ့ရ

ယင်းဂိုးသွင်းပြီးနောက် အင်္ဂလန်တိုက်စစ်မှူးများ ချေပဂိုးသွင်းယူနိုင်ရေး တရစပ်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၃၇မိနစ်တွင် ကွင်းလယ်မှ စတီဗင်ဂျရတ်က ဂျာမနီဂိုးရှေ့သို့ အမြောက်ကန်တင်ပေးလိုက်စဉ် မက်သရူးအပ်ဆွန်က ခေါင်းတိုက်ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးကြောင့် အင်္ဂလန်တိုက်စစ်အား ပြန်ကောင်းလာပြီး လမ်းပတ် ကွင်းလယ်မှ ပြင်းပြင်းထန်ထန် ကန်သွင်းလိုက်သောဘောလုံး ဂျာမနီဂိုးဘားတန်းကိုထိပြီး အောက်ဂိုးစည်းကျော်သွားသော်လည်း ကွင်းလယ်ဒိုင်လူကြီး မမြင်လိုက်၍ အင်္ဂလန်တို့ တစ်ဂိုးနစ်နာခဲ့ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် အင်္ဂလန်တိုက်စစ်မှူးများ ချေပဂိုးသွင်းနိုင်ရေး တိုက်စစ်အရှိန်မြှင့်ကစားခဲ့သည်။ သို့သော် ဂျာမနီတိုက်စစ်မှူးများ အကွက်စိပ်စိပ် ထိုးဖောက်ကစားလာပြီး ပွဲချိန် ၆၇မိနစ်တွင် ရှဝိန်းစတိုက်ဂါ ဖြတ်ပို့လိုက်သော ဘောလုံးမှတစ်ဆင့် သောမတ်စ်မူလာက ဂျာမနီအသင်းအတွက် တတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ စတုတ္ထအနိုင်ဂိုးကိုမူ တိုက်စစ်မှူး ကလိုဆေးကပင် အိုဇီးလ်အကွက်ဆင်ပေးသော ဘောလုံးမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

ဂိုးပေါက်ရှာမရ

ထိုနေ့ပွဲကို သုံးသပ်ရပါလျှင် အင်္ဂလန်အသင်းက ခြေစွမ်းတူ ကစားနိုင်သော်လည်း ဂျာမနီအသင်းက ဂိုးပေါက်ဖန်တီးမှု ပိုကောင်းသည်။ အင်္ဂလန်တိုက်စစ်မှူးများ၏ တိုက်စစ်ဆင်လာသော ဘောလုံးများကို ဂျာမနီအသင်းက အသင်းလိုက်ဆင်း၊ အသင်းလိုက်တက် စနစ်ကိုသုံးပြီး ကစားခဲ့၍ အင်္ဂလန်တို့ ဂိုးပေါက်ရှာမရဖြစ်ခဲ့ရသည်။ အထူးသဖြင့် ကလိုဆေးနှင့် ပိုဒေါစကီးတို့၏ တိုက်စစ်အတွဲကို အင်္ဂလန်ခံစစ်မှူးများ ပိတ်ဆို့နိုင်မှုအားနည်းခြင်းကြောင့်လည်း ဂျာမနီတို့ ဂိုးပေါက်ကန်သွင်းခွင့်များ ပိုရပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ ။
ကိုးကား-အင်တာနက်

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

ကြိုးစားခဲ့

ဒယ်လ်တာ အသင်းဟာ ဇင်မျိုးအောင်ရဲ့ ညာခြမ်းကနေ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ၂၅မိနစ်မှာ ဒယ်လ်တာအသင်း အဖွင့်ဂိုးစရခဲ့ပြီး မျိုးဇော်ခန့်က သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ချေပဂိုးသွင်းယူ

ဂိုးပေးလိုက်ရလို့ ကမ္ဘောဇအသင်း တိုက်စစ်ပြန်လည် အသက်ဝင်လာပြီး ၃၁မိနစ်မှာ သူရိန်စိုးက ခေါင်းတိုက်ပြီး ချေပဂိုး ပြန်လည်သွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ဒယ်လ်တာယူနိုက်တက်အသင်း ကစားပုံကျသွားလို့ ကမ္ဘောဇ ပိုဖိကစားနိုင်ခဲ့ပါတယ်။ ၇၇မိနစ်မှာ ကမ္ဘောဇမှ ဇော်လင်းအောင်ရဲ့ ထိုးဖောက်မှုကို ဒယ်လ်တာနောက်ခံလူ ဖြိုးဝေဆန်း ဖျက်ထုတ်တာ ကြမ်းလို့ ကမ္ဘောဇ ပယ်နယ်တီကန်ခွင့် ရခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို အသင်းခေါင်းဆောင် အောင်သန်းဝင်းကန်သွင်းခဲ့ပေမယ့် ဒယ်လ်တာ ဂိုးသမား ပြည့်ဖြိုးဦး ကာကွယ်နိုင်ခဲ့လို့ သရေနဲ့ အဆုံးသတ်ခဲ့တာ ဖြစ်ပါတယ်။

MNL အရန်အသင်း ပြိုင်ပွဲ ပွဲစဉ်(၃)ကို နိုင်ငံတကာ ခြေစွမ်းပွဲတွေရှိတာကြောင့် ဇူလိုင် ၇ရက်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ညနေ ၃ နာရီခွဲ

ပဏာမ လက်ရွေးစင် -
ပဏာမ ယူ-၂၃ လက်ရွေးစင်

ဒယ်လ်တာအသင်းမှ မျိုးဇော်ခန့်၏ ထိုးဖောက်ဂိုးသွင်းမှုကို ကမ္ဘောဇ နောက်ခံလူ ထွန်းထွန်းနိုင် ဟန့်တားရန် ကြိုးစားစဉ်။

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၇

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၉-၂၀၁၀ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၉နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးကန်တွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ အလှည့်ကျသဘာပတိ ဦးထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကုက္ကိုင်းရေကူးအသင်း အတွင်းရေးမှူး ဦးချိုမောင်က ၂၀၀၉-၂၀၁၀ခုနှစ် အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် အသင်းဝင်များ၏ မေးမြန်းချက်နှင့် အကြံပြုချက်များကို ရှင်းလင်းပြောကြားပြီး စာရင်းစစ်အဖွဲ့အား ရွေးချယ် ခန့်အပ်သည်။ ဆက်လက်၍ ၂၀၁၀-၂၀၁၁ခုနှစ် အမှုဆောင်ကော်မတီဝင်များ၏ အမည်စာရင်းအား အတည်ပြုကြေညာပြီး အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လှျံ)က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ကုက္ကိုင်းရေကူးအသင်း ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လှျံ) အမှာစကား ပြောကြားစဉ်။

ထို့နောက် အလှည့်ကျ သဘာပတိ ဦးထွန်းအောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဖွဲ့စည်း

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၀-၂၀၁၁ အမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လှျံ)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးမြင့်ကြွယ်၊ အတွင်းရေးမှူး ဦးချိုမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတောက်ထွန်း၊ ဘဏ္ဍာရေးမှူး ဦးငြိမ်းကျော်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးညီညီထွေးတို့ အပါအဝင် အမှုဆောင်ကော်မတီဝင် ကိုးဦး စုစုပေါင်း ၁၆ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၅ရက် နံနက်ပိုင်းက နေပြည်တော် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ် အဆောက်အအုံ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း တက်ရောက်၍ သီးပင်စားပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်း **(ယာပုံ)** က စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း၊ အမှုထမ်းများက စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီးသည် ပင်စင်ဦးစီးဌာနရုံးဝင်းအတွင်း၌ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သစ်မွှေးပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဝန်ကြီးသည် ပင်စင်ဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပင်စင်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အခွန်အယူခံ ခုံအဖွဲ့ရုံးတို့၌လည်း အရာထမ်း၊ အမှုထမ်းများက စားပင်၊ သီးပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြသည်။

အပင် ၂၀၀၀ စိုက်ပျိုး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ စိန်တစ်လုံးသရက်၊ စိန်ပန်း၊ ငုရွှေဝါ၊ ကံ့ကော်၊ ခရေနှင့် သပြေ စုစုပေါင်း အပင် ၂၀၀၀ စိုက်ပျိုးခဲ့ပြီး စိုက်ထည့်ပေးသည့် ငါးမျိုးများမှာ ငါးမြစ်ချင်းကောင်ရေ ၃၅၀၀ နှင့် ထိုင်းငါးခုံးမကောင်ရေ ၃၅၀၀ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း မြင်းမူ၌ဖွင့်

နေပြည်တော် ဇွန် ၂၇

မြင်းမူမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ရက်တိုသင်တန်းဖွင့်ပွဲကို ဇွန် ၂၅ရက် နံနက် ၈နာရီက မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

ထို့နောက် စစ်ကိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လွှတ်တော်(၃)ရပ် ဥပဒေ၊ နည်းဥပဒေများ၊ မဲစာရင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပို့ချကြပြီး သင်တန်းတက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းကြသည်။ အဆိုပါ သင်တန်းသို့ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကွန်ပျူတာနက်ဝေါ့ဂ်ကင်း သင်တန်းဖွင့်မည်

NetInfo

Complete ICT Solution Provider

ရန်ကုန် ဇွန် ၂၇

Netinfo နည်းပညာသင်တန်းကျောင်းက Computer Networking သင်တန်းကို Microsoft Windows 7 အသုံးပြု၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အခြေခံကောင်း

Windows 7 ကိုအခြေခံမှစ၍အဆင့်မြင့် Network များချိတ်ဆက်နိုင်ရန်၊ မိမိတို့အသုံးပြုနေသော ကွန်ပျူတာများကို အကျိုးရှိရှိပိုမိုအသုံးပြုနိုင်ရန်၊ System Problem များကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတကာအသိအမှတ်ပြု Certificate Exam များ ဝင်ရောက်ဖြေဆိုနိုင်ရန် သင်ကြားပေးမည်ဖြစ်ပြီး Windows 7 အခြေခံ Networking Certificate ဖြစ်သော MCTS စာမေးပွဲကို ဖြေဆိုနိုင်လျှင် Server 2008 MCITP Certificate ကိုရရှိရန် လိုအပ်သောစာမေးပွဲငါးခုအနက် တစ်ခုကိုဖြေဆိုပြီးဖြစ်မည်။ နိုင်ငံတကာတွင် Networking အလုပ်အကိုင်အတွက်လိုအပ်သော Certificate များ၌ တစ်ခုအပါအဝင်ဖြစ်သည့် MCITP ကိုဆက်လက်လေ့လာနိုင်ရန် လိုအပ်သော အခြေခံကောင်းများရရှိမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Windows 7 Installation, Configuration Maintenance, Trouble Shooting များကို အသေးစိတ် သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးစီသည် မိမိတို့ သင်ယူနေသော Course အတိုင်း လက်တွေ့ဦးစားပေးစနစ်ဖြင့် ကွန်ပျူတာများကို စိတ်ကြိုက်စမ်းသပ်သုံးစွဲနိုင်ရန် Dual Core System, LCD များဖြင့် သင်ကြားပေးသည်။

ထိုသင်တန်းသို့ ကွန်ပျူတာအခြေခံရှိသော တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ် ကျောင်းသားများနှင့် Networking ကို Professional အဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

ဆက်သွယ်စုံစမ်းနိုင်

ယင်းသင်တန်းကို ဇွန် ၂၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး တနင်္လာ၊ အင်္ဂါ တစ်ပတ်လျှင် နှစ်ရက်တက်ရောက်ရမည်။ တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေ ၁၈ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၂) အခန်း(၁) မြန်မာအင်ဖိုတက် လှိုင်မြို့နယ် ဖုန်း-၅၀၇၀၄၅၊ ၆၅၂၂၄၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ စိုက်ပျိုးသုတ
- ၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၃)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ မေးမြန်းစူးစမ်း
- ၁၉။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) နယ်သာလန်နှင့် ဆလိုဗက်ကီးယား(ရှုံးထွက်)**

၂၉-၆-၂၀၁၀(အင်္ဂါနေ့)

နံနက်ပိုင်း

- ၁:၀၀ ၁။ **၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ဘရာဇီးနှင့် ချီလီ(ရှုံးထွက်)**

စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

စလင်း ဇွန် ၂၇

မကွေးတိုင်း စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ မေ ၃၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က ပညာသင်စရိတ်ထောက်ပံ့ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်း ၅၇ဦး၏ သားသမီး ၁၂၃ဦးအတွက် ငွေကျပ် ၄၄၃၅၀၀ကို ထောက်ပံ့ပေးအပ်သည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

အာကာဟိန်း-စုစည်းသည်

မှတ်တမ်းသစ်ရေးထိုးမည်ဟု ဂါနာတိုက်စစ်မှူးပြောကြား

ရှုံးထွက်ပွဲစဉ်အဖြစ် အမေရိကန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့သော ဂါနာအသင်းသည် အာဖရိကအတွက် မှတ်တမ်းအသစ်ရေးထိုးမည်ဖြစ်ကြောင်း ဂါနာတိုက်စစ်မှူးဘိုရာတန်က ပွဲအပြီးတွင် သတင်းထောက်များအား ပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားပွဲပြီးလျှင် ဘောလုံးကိစ္စဆွေးနွေးမည်

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးဆုံးလျှင် အသင်းနည်းပြများ၊ အသင်းခေါင်းဆောင်များနှင့်တွေ့ဆုံကာ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်သွားမည်ဟု ဖီဖာတာဝန်ရှိသူများက ဇွန် ၂၇ရက်၌ပြောကြားသည်။

နှစ် ၂၀ အတွင်း အကောင်းဆုံးကမ္ဘာ့ဖလားပွဲဟု ဖီဖာပြောကြား

၂၀၁၀တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် နှစ်ပေါင်း ၂၀အတွင်း အကောင်းဆုံးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖြစ်ကြောင်း ဖီဖာအတွင်းရေးမှူး ဗာလက်ကီက ဇွန် ၂၇ရက်၌ သတင်းထောက်များအား ပြောကြားသည်။

ဂျိုဟန်နစ္စဘတ်မြို့၌ အားကစားကိုယ်စားလှယ်တစ်ဦးသေဆုံး

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၌ ဇွန် ၂၆ရက်က နိုင်ငံတကာ ဘောလုံးသံတမန်ကတ်ပြားချိတ်ဆွဲထားသော ကိုယ်စားလှယ်တစ်ဦး ကားတိုက်ခံရ၍သေဆုံးသွားကြောင်း၊ မည်သည့်နိုင်ငံကဖြစ်သည်ကိုမူ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တောင်အာဖရိက ရဲတပ်ဖွဲ့ကပြောကြားသည်။

အကောင်းဆုံးကစားနိုင်ခဲ့ဟု ပတ်ဂျီဆန်ပြောကြား

ရှုံးထွက်ပွဲစဉ်အဖြစ် ဥရုဂွေးနှင့် တောင်ကိုရီးယားတို့ယှဉ်ပြိုင်ကစားသည့်ပွဲ၌ မိမိတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသော်လည်း အကောင်းဆုံး ခြေစွမ်းဖြင့်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ စိတ်ဓာတ်ကောင်းများရရှိခဲ့ကြောင်း တောင်ကိုရီယားအသင်းခေါင်းဆောင် ပတ်ဂျီဆန်က ဇွန် ၂၇ရက်၌ သတင်းထောက်များအားပြောကြားသည်။

ဥရုဂွေးတို့ နှစ်၄၀အတွင်း မှတ်တမ်းသစ်တင်

ရှုံးထွက်အဆင့်၌ တောင်ကိုရီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့မှုသည် ၁၉၇၀ပြည့်နှစ်မှစတင်ကာ ဥရုဂွေးတို့ ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်သို့တက်ရောက်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၄၀အတွင်း မှတ်တမ်းသစ် တင်နိုင်ခြင်းဖြစ်သည်။

ဂါနာတိုက်စစ်မှူးအဆာမို့ ကြွက်သားဒဏ်ရာရရှိ

အမေရိကန်နှင့် ရှုံးထွက်ပွဲစဉ်ကစားခဲ့ရာတွင် ဂါနာတိုက်စစ်မှူး အဆာမို့သည် ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့ကြောင်း၊ ဆေးကုသမှုခံယူပါက ကွာတားဖိုင်နယ်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း ဂါနာအသင်းမှ တာဝန်ရှိသူများက ဇွန် ၂၇ရက်၌ ပြောကြားသည်။

အကြိုဗိုလ်လုပွဲတက်မည်ဟု ဥရုဂွေးနည်းပြပြောကြား

ရှုံးထွက်အဆင့်၌ တောင်ကိုရီးယားကိုအနိုင်ရပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည့် ဥရုဂွေးအသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဟု ယုံကြည်နေကြောင်း နည်းပြအော်စကာတာဘရက်စ်က ဇွန် ၂၇ရက်၌ သတင်းထောက်များအား ပြောကြားသည်။ ။

ကျောက်ကြီးမြို့၌ ကျေးလက်လမ်းကတ္တရာခင်း

ကျောက်ကြီး ဇွန် ၂၇

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ မေ ၂၅ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန် ၁၆ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သော မိုင်းယု၁၀၅မိုင် အမှတ်(၄) လမ်းကျောက်ချောခင်းခြင်း လုပ်ငန်း အရှည်ပေ ၈၅၀ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးကျိုးလျှံဗိုင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ကျင်းပ

လားရှိုး ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ထံမှပေးပို့သော သဝဏ်လွှာကို ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဆွေက ဖတ်ကြားသည်။

ဟောပြော

ဆက်လက်၍ မူးယစ်ဆေးဝါး အန္တရာယ် ဆိုးကျိုးများကို စိတ်ကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်စိန်က လည်းကောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြည်နယ် ဥပဒေအရာရှိ ဦးကျော်ထင်(**အောက်ပုံ**)က လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ကြည့်ရှုအားပေး

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့်ဝတ္ထုတို၊ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာနှင့် ကွန်ပျူတာ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာ ပေးရေးပြခန်းများကို ကြည့်ရှုအားပေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

အာဖရိက ဘလက်စတားတို့ ကွာတားတက် အမေရိကန်တို့ နှုတ်ဆက်အိမ်ပြန်ခရီးနှင်



မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဖ်တောင်း ဇွန် ၂၇

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၇ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ အမေရိကန်နှင့် ဂါနာတို့ပွဲတွင် ဂါနာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သဖြင့် ဂါနာတို့ ကွာတား ဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ ဘလက်စတားတို့ အာဖရိက ဂုဏ်ကို ထိန်းနိုင်ခဲ့သည်။

တိုက်စစ်ဖွင့်

အာဖရိက ဘလက်စတားတို့ တိုက်စစ်တွင် အဆာမို့၊ ဂျန်၊ ဘိုရာတန်နှင့် အင်နန်တို့ကို ရှေ့တန်းနှင့် ကွင်းလယ်တွင် လွတ်လပ်စွာလှုပ်ရှားခွင့်ပြုခဲ့ပြီး အမေရိကန်အသင်းဘက်သို့ ပွဲစတင်သည်နှင့် တိုက်စစ်ဖွင့် ကစားခဲ့သည်။ ဂါနာ တိုက်စစ်မှူးများ၏ လျှပ်တစ်ပြက် ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဘရှ်စတိန်း၊ ချာရန်ဒိုလိုနှင့် ဘိုကာနီဂရာတို့ ဟန့်တားသော်လည်း ပွဲအစ ငါးမိနစ်၌ ဂါနာ တိုက်စစ်မှူး ဘိုရာတန်က ၁၈ကိုက်အကွာမှ ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး စတင်ရရှိခဲ့သည်။

လူစုံထုတ်

အမေရိကန်တို့ကလည်း တိုက်စစ်တွင် ဒိုနိုဗင်၊ အယ်တီဒိုနှင့် ဖန်းလေတို့ကို ထားရှိကာ ဂါနာကို အနိုင်ရရှိရေး ကြိုးစားခဲ့သည်။ ဂါနာတို့က အဖွင့်ဂိုး စောစီးစွာ သွင်းယူခဲ့သဖြင့် အမေရိကန်တို့ ချေပဂိုးရရှိရေး ထိုးဖောက်ကစားခဲ့သော်လည်း အရာမထင်ခဲ့ချေ။

လူစားထိုး

မိနစ်၃၀တွင် အမေရိကန်တို့က ကလက်ဖ်အစား အီဒူကို ထည့်သွင်းကစားစေခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း အမေရိကန်တို့ ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ အမေရိကန်တို့ ဂါနာ၏ တိုက်စစ်ကို ဟန့်တားရန် ကြိုးစားခဲ့သဖြင့် ချာရန်ဒိုလို၊ ကလက်ဖ်တို့ အဝါကတ်များ ထိခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း ဂါနာတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ အမေရိကန်တို့က မိနစ် ၃၀တွင် ကလက်ဖ်အစား အီဒူကို အစားထိုး ကစားစေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်အတွင်း တိုက်စစ်မှူး ဒိုနိုဗင်၏ ကန်သွင်းချက်များ မသေချာမှုကြောင့် အမေရိကန်တို့ နစ်နာခဲ့ရသလို အဆာမို့၊ ဘိုရာတန်တို့၏ ကန်သွင်းချက်များကို အမေရိကန်ဂိုးသမား တင်ဟောင်းဝပ် ကာကွယ်သွားနိုင်ခဲ့သည်။

ပယ်နယ်တီ

အမေရိကန်တို့ ချေပဂိုးရရှိရေးအတွက် ဂါနာနောက်တန်းကို ရဲရဲတင်းတင်း ထိုးဖောက်ကစားရာမှ ဂါနာတို့ ၆၃မိနစ်၌ ပယ်နယ်တီ အပြစ်ပေးခံခဲ့ရသည်။ ယင်းပယ်နယ်တီကို အမေရိကန်တိုက်စစ်မှူး ဒိုနိုဗင်က ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ အမေရိကန်တို့ အနိုင်ရရန် ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း အရာမထင်ခဲ့ချေ။

အမေရိကန်နှင့် ဂါနာတို့ ရှုံးထွက်ပွဲစဉ်တွင် ဂါနာတိုက်စစ်မှူး ဘိုရာတန် (လယ်) ဤသို့ ဂိုးသွင်းယူပေးခဲ့သည်။

အချိန်ပို

ဂါနာတို့ကလည်း အနိုင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ တိုက်စစ်မှူးများ ကန်သွင်းချက်မသေချာမှုကြောင့် ပွဲချိန်ပြည့်သည်အထိ ဂိုးမရရှိခဲ့သဖြင့် သရေပွဲသို့ ဦးတည်ခဲ့သည်။ ထို့ကြောင့် အချိန်ပို ဆက်လက်ကစားခဲ့ရာ ပွဲချိန် ၉၃မိနစ်၌ အမေရိကန်ခံစစ်မှူးများကြားမှ ဂါနာတိုက်စစ်မှူး ဂျန်က ဂိုးသွင်းယူခဲ့သဖြင့် ဂါနာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခြင်းဖြစ်သည်။

၂၀၁၀ အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အာဖရိကမှ ဂါနာတစ်သင်းတည်းသာ ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥရုဂွေးနှင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ။ **(အင်တာနက်)**

အနိုင်ရလဒ်အတွက် ခြေကုန်ဖွင့်ရမည့် လိမ်မော်ရောင်နယ်သာလန် ချီလီနှင့်နွဲရမည့် ကမ္ဘာ့နံပါတ်တစ် ဘရာဇီး

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၂၇

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်အဆင့်များ၌ ခြေစွမ်းထက်မြက်သည့် အသင်းကြီးများ ကွာတားဖိုင်နယ် တက်ရောက်လျက်ရှိသည်။ အတွေ့အကြုံ၊ ပညာနှင့် နည်းစနစ်ပိုင်း ကောင်းမွန်တောင့်တင်းသော အသင်းများသာ ကမ္ဘာ့ဖလားခရီးကို ဣန္ဒြေရှိစွာ လျှောက်လှမ်းနေကြဆဲဖြစ်သည်။ ရှုံးထွက်အဆင့်ပွဲစဉ်များကို ဇွန် ၂၈ရက် (ယနေ့)၌ နယ်သာလန်နှင့် ဆလိုဗက်ကီးယား၊ ဘရာဇီးနှင့် ချီလီတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နယ်သာလန်နှင့် ဆလိုဗက်ကီးယား

အုပ်စု(င)၌ နယ်သာလန်တို့ သုံးပွဲကစား သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် တက်လာခြင်းဖြစ်သည်။ အုပ်စုပွဲ သုံးပွဲကစားခဲ့ရာတွင် သွင်းဂိုး ငါးဂိုး၊ ပေးဂိုး တစ်ဂိုးသာရှိခဲ့သည်။ အသင်းလိုက် ကစားအားကောင်းပြီး နေရာအလိုက်

ချီလီတိုက်စစ်မှူး ဆန်ချက်ဇ် ဘယ်လိုဂိုးသွင်းမလဲ....။

ကစားသမားများလည်း စွမ်းဆောင်ရည်မြင့်မားသူများဖြစ်သည်။ နယ်သာလန် တိုက်စစ်ကို ဦးဆောင်နေသည့် ဗန်ပါစီ၊ ဒရက်ကွတ်ဇ်၊ ဟန်တေလာ၊ ဗန်ဒါဗတ်တို့က လျင်မြန်ပြီး ပါဝါသုံးနိုင်သူများဖြစ်သည်။ ဘယ်၊ ညာတောင်ပံများမှ ထွက်ကစားနိုင်ကြသူများဖြစ်ပြီး တစ်ဦးတည်း ထိုးဖောက် ဂိုးသွင်းမှုလည်း အားသန်ကြသည်။ ရော်ဘင် ပွဲချိန်ပြည့် ကစားနိုင်လျှင် ဘယ်တောင်ပံတိုက်စစ်အဟုန်ကို ဆလိုဗက်ကီးယားတို့ ထိန်းရန် ခက်ခဲမည်ဖြစ်သည်။ ကွင်းလယ်မှ ဘွန်မဲလ်၊ ဒီဂျွန်နှင့် ရှနိုက်ဒါတို့ကလည်း ကွင်းလယ်အဖျက်နှင့် တိုက်စစ်အားသန်ကြသူများဖြစ်ရာ နယ်သာလန်တိုက်စစ်အရှိန်ကို မြှင့်တင်စွမ်းနိုင်သူများဖြစ်သည်။ ကင်မရွန်းနှင့်ပွဲ၌ တစ်ဂိုးသာပေးခဲ့ရသော နယ်သာလန်ခံစစ်ကြောင်းကလည်း အမှားအယွင်းနည်းကြသူများဖြစ်ရာ အသင်းလိုက် ဟန်ချက်ညီညီ ကစားနိုင်ကြသည်။

နယ်သာလန်တို့က တိုက်စစ်ပိုင်းကို အလေးထားသော်လည်း ခံစစ်ပိုင်းကိုလည်း လုံအောင်ထိန်းကစားမည်ဖြစ်ရာ တိုက်စစ်ကျွံတတ်သည့် ဆလိုဗက်ကီးယားတို့ သတိထားမှုရမည်။ တန်ပြန်တိုက်စစ်တွင် ဂိုးရအောင်ဖန်တီးတတ်သည့် နယ်သာလန် တိုက်စစ်မှူးများကို ဆလိုဗက်ကီးယား ခံစစ်မှူးများ ခက်ခဲစွာ တားဆီးရမည်ဖြစ်သည်။

ဆလိုဗက်ကီးယားတို့က အုပ်စု(စ)တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့်

နယ်သာလန် ကွာတားတက်ရန် ဗန်ပါစီ ဖန်တီးပေးဦးမှာလား....။

လေးမှတ်ရရှိကာ အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။ အုပ်စုပွဲ သုံးပွဲကစားခဲ့ရာတွင် ရဂိုးလေးဂိုး၊ ပေးဂိုး ငါးဂိုးရှိခဲ့သည်။ ဆလိုဗက်ကီးယားတို့ ခြေစွမ်းကား ပြိုင်ဘက်အသင်း၏ ကစားအား အတက်အကျကိုလိုက်ပြီး အရှိန်မြှင့်နိုင်စွမ်းရှိသည်။တိုက်စစ်ဖွင့်ကာ ပါဝါသုံး ကစားမှု၌ ဆလိုဗက်ကီးယား တိုက်စစ်မှူးများ အားသန်ကြသည်။ အီတလီကို အနိုင်ကစားခဲ့သည့် ခြေစွမ်းမျိုးရလျှင် နယ်သာလန်တို့ အကျပ်အတည်းနဲ့ ကြုံတွေ့ရနိုင်သည်။ ဆလိုဗက်ကီးယား နောက်တန်းကား တည်ငြိမ်မှုမရှိချေ။ ဆလိုဗက်ကီးယား ခံစစ်မှူးများဖြစ်သည့် ပီကာရစ်၊ စကာတယ်နှင့် ဇာဘာနစ်တို့က ပွဲတိုင်းစိုးရိမ်စိတ်လွန်ကဲတတ်ကြသည်။ ဂိုးဧရိယာအတွင်း ဘောလုံးရှင်းထုတ်မှု အပိုင်းမှာ သေသပ်မှု၊ လျင်မြန်မှု အားနည်းကြသည်မှာ နယ်သာလန် တိုက်စစ်မှူးများ အကြိုက်တွေ့သွားနိုင်သည်။ ဆလိုဗက်ကီးယား တိုက်စစ်မှူးများတွင် ဗစ်တက်ခ်၊ ဂျန်ဒရစ်ဆက်တို့က ကြုံသလို ဂိုးသွင်းနိုင်ကြသည်။ လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဆလိုဗက်ကီးယားအသင်းမှာ ကစားအားကောင်းပြီး တွန်းတွန်းတိုက်တိုက်လည်း ကစားနိုင်ကြသည်။ အဖွင့်ဂိုးစောစီးစွာ မပေးမိရန် နယ်သာလန် ခံစစ်မှူးများ အထူးသတိထားရမည်။ သို့သော် နယ်သာလန် ခံစစ်က တောင့်တင်းသည်ဖြစ်ရာ ဆလိုဗက်ကီးယား တိုက်စစ်မှူးများ ထင်သလောက် လွယ်ကူမည်မဟုတ်ချေ။ ယခုပွဲရလဒ်ကြောင့် အပျော်မှာ နယ်သာလန်ပရိသတ်များအတွက် ဖြစ်သွားနိုင်ပါသည်။

ဘရာဇီးနှင့် ချီလီ

အုပ်စု(ဆ)၌ ဘရာဇီးတို့က အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲ



ရော်ဘင်ဟို ဘရာဇီးအတွက် ဂိုးသွင်းယူနိုင်ပါ့မလား....။

သရေဖြင့် ခုနစ်မှတ်ရရှိကာ ထိပ်ဆုံးမှ ၁၆သင်း ရှုံးထွက်အဆင့်သို့ ဣန္ဒြေရရ တက်လာခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲစဉ် သုံးပွဲ၌ ဘရာဇီးတို့ သွင်းဂိုးငါးဂိုး၊ ပေးဂိုး နှစ်ဂိုးတို့ဖြင့် ဖြတ်သန်းခဲ့သည်။ ဘရာဇီးတို့ခြေစွမ်းကား တစ်ဦးချင်းနှင့် နေရာလိုက်တွင် နိုင်နင်းစွာ ကစားနိုင်ကြသည်။ ဖိအားကင်းစွာ ကစားနိုင်သောကြောင့် ဘရာဇီးတို့ ပွဲတိုင်း ပုံမှန်ခြေစွမ်းဖြင့်သာ အနိုင်ယူကာ ရှုံးထွက်အဆင့်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ နည်းပြ ဒွန်ဂါက ဘရာဇီးကစားသမားများကို လွတ်လပ်စွာ ကစားနိုင်ရန် လမ်းဖွင့်ပေးထားသဖြင့် စိတ်တိုင်းကျ လှုပ်ရှားနိုင်၊ ဖန်တီးနိုင်ကြသည်။ ရော်ဘင်ဟို၊ ကာကာတို့ အရင်ပွဲစဉ်များထက် အင်အားသုံးမှု ပိုကောင်းလျှင် ပွဲရလဒ်ကို ပြောင်းလဲနိုင်ပါသည်။ ဘရာဇီး ကွင်းလယ်နှင့် ခံစစ်မှူးများက နားလည်မှုရှိစွာဖြင့် အကောင်းဆုံး ချိတ်ဆက်ထားနိုင်သည်။ တိုက်စစ်၊ ခံစစ်ကို ဟန်ချက်မပျက် ကစားနိုင်ကြသဖြင့် ဘရာဇီးတို့ ကစားအားမှာ အပိုအလိုဖြစ်မှု နည်းပါးသည်။ တိုက်စစ်ပိုင်းတွင်လည်း ဆုံးရှုံးမှုနည်းအောင် စွမ်းဆောင်နိုင်ကြရာ ချီလီတို့ အင်အားပြည့်ထုတ်သုံးမှ တော်ကာကျမည်ဖြစ်သည်။

ချီလီအသင်းက အုပ်စု(ဇ)တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ခြောက်မှတ်ရရှိကာ အုပ်စုဒုတိယနေရာမှတက်ရောက်လာသည့်အသင်းဖြစ်သည်။ ချီလီတို့ သမိုင်းကိုကြည့်လျှင် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းသည် အကောင်းဆုံးနှင့် အင်အားအတောင့်တင်းဆုံး အသင်းဖြစ်သည်။ ချီလီတိုက်စစ်တွင် ဆန်ချက်ဇ်၊ မီလာ၊ ဖာနန်ဒက်ဇ်တို့က တွန်းအားတိုးအားကောင်းသော်လည်း ဂိုးဧရိယာအတွင်း အချိန်ကိုက် လှုပ်ရှားနိုင်မှု အားနည်းနေသည်။ ပါးနပ်မှုနှင့် လျင်မြန်မှုတို့တွင် ဘရာဇီးတိုက်စစ်မှူးများကို မယှဉ်နိုင်ချေ။ သို့သော် ချီလီတို့ ကွင်းလယ်မှ ဗီဒယ်၊ ဗာဒီဗီရာတို့က ဘောလုံးဖြန့်ဝေမှု အပိုင်းနှင့် ခံစစ်ကို ဖြည့်ဆည်းပေးနိုင်မှု အပိုင်းတို့၌ ဘရာဇီးတို့ထက် အားသာသည်။ ဝါနှင့် သမ္ဘာတွင် ဘရာဇီးတို့ သာလွန်သည်မှန်သော်လည်း ချီလီကို လျှော့တွက်ပါက ဘရာဇီးတို့ ပင့်သက်ဖြာသွားရနိုင်သည်။ ဘရာဇီးတို့ အားသာချက်ရှိသော်လည်း အကြိတ်အနယ် ဖြတ်ကျော်ရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။**(ကိုးကား-အင်တာနက်)**

သစ်တောတက္ကသိုလ်(ရေဆင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၇

သစ်တောတက္ကသိုလ်(ရေဆင်း)၏ ၁၉၉၁ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ သစ်တောပညာဘွဲ့ရ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇူလိုင် ၂၆ရက်တွင် သစ်တောတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် အဆိုပါနှစ် ကျောင်းဆင်းများမှ ကျောင်းသားဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဒေါက်တာဆန်းဦး ဖုန်း-၀၉-၄၉-၂၀၆၁၇၁၊ ဦးခိုင်ညွန့် ဖုန်း-၀၆၇-၄၀၅၃၉၈၊ ဦးကျော်ဌေး ဖုန်း-၀၉-၈၆-၂၄၄၅၇၊ ဦးဆန်းဝင်း ဖုန်း-၀၆၇-၄၀၅၃၉၈၊ ဦးကျော်ထိုက် ဖုန်း-၀၉-၈၃-၀၂၉၄၄၊ ဦးငွေသိန်း ဖုန်း-၀၆၇-၄၀၅၀၁၆နှင့် ဦးခင်မောင်လှိုင် ဖုန်း-၀၆၇-၄၀၅၀၁၈တို့သို့ ဇူလိုင် ၂ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျင်းပရေးကော်မတီအဖွဲ့က နှိုးဆော်ထားသည်။ **(၁၃၅)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၆၀)၊ (၄ လွှာ)တွင် ပါတီရုံးချုပ် တည်ရှိသော **ကမန်အမျိုးသားတိုးတက်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၁၇-၆-၂၀၁၀ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်း၏ အလံနှင့်တံဆိပ်တို့အား ကန့်ကွက်မှုများရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ **ကမန်အမျိုးသားတိုးတက်ရေးပါတီ** က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ



ကမန်အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး မုံးကိုးမြို့ အထက၌ ဟောပြော

မုံးကိုး ဇွန် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၅ ရက်နံနက် ၁၀နာရီက မုံးကိုးမြို့ အထကကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကိုခန့်က အဖွင့်အမှာစကား ပြောကြားပြီး ရဲစခန်းမှူးရဲအုပ်အောင်မျိုးလတ်က မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ထွန်းကျော်က မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ဥပဒေရေးရာများကိုလည်းကောင်း၊ အထက်တန်းကျောင်းအုပ် ဆရာကြီး ဦးညွန့်ဆွေက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို လည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ အင်္ဂပူမြို့နယ်၌ ပိုစတာစိုက်ထူပွဲကျင်းပ

အင်္ဂပူ ဇွန် ၂၇

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတတိုးပွားရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရေး၊ ကျေးလက်ဒေသနေပြည်သူများ ငါးစားသုံးမှု ပိုမိုစေရေးနှင့် သဘာဝငါးမျိုးများ လျော့နည်းပပျောက်မှုမရှိစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး အခမ်းအနားနှင့် ပိုစတာစိုက်ထူပွဲကို မေ၃၀ရက် နံနက် ၉ နာရီက အင်္ဂပူမြို့နယ် နောက်မီးကျေးရွာအုပ်စု၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးစိန်သောင်းနှင့် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်တို့က ရေချိုငါးလုပ်ငန်းရေပြင်များ၊ ဂရန်အင်းများ၊ တင်ဒါပိုက်ချက်နှင့် ဘုံငါးဖမ်းလုပ်ငန်းရေပြင်များတွင် ငါးမျိုးပြုန်းတီးမှု မရှိစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ ငါးမျိုးပြုန်းတီးစေသော ဘက်ထရီရှော့တိုက်နှင့် အဆိပ်ဆေးချငါးဖမ်းခြင်း၊ ငါးရစ်ငါးသန်ဖမ်းဆီးခြင်းများ မရှိစေရေးနှင့် အင်းချောင်းများ အရှည်တည်တံ့ ကောင်းမွန်စေရေး၊ သဘာဝငါးမျိုးများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှထွန်းက ရေလုပ်သားများ အတူပူးပေါင်းလိုက်နာဆောင်ရွက်ရေး၊ ရေချိုငါးဖမ်းလုပ်ငန်းဥပဒေများကို အလေးထားဆောင်ရွက်ကြရန်နှင့်ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများကို အင်္ဂပူမြို့နယ်မှ ဝိုင်းဝန်းဆောင်ရွက်ကြရေး ထပ်မံရှင်းလင်း ဆွေးနွေးသည်။ ယင်းနောက် အဆိုပါ နောက်မီးကျေးရွာအုပ်စုတွင် ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေး ပိုစတာများ စိုက်ထူကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်သောင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နောက်မီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျေးလက်နေ ပြည်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြသည်။

(၁၇၇)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကြက်ချေးအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာ ကွက်သစ်မင်းလမ်းရှိ အိမ်တစ်အိမ်တွင် မွေးမြူထားသော ကြက်မွေးမြူရေးခြံမှ ကြက်ချေးအနံ့ဆိုးများနှင့် ကြက်မွေးနံ့များကို အချိန်နှင့်အမျှ ရှူရှိုက်နေရပါ၍ ကျန်းမာရေးထိခိုက်လျက်ရှိရာ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

အနံ့ဆိုးနှင့်မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

အုတ်ဖိုမြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်သပြေလမ်းရှိ ရေခဲစက်မှ စပါးခွံများနှင့် စက်လည်ပတ်နေသဖြင့် ရပ်ကွက်နေပြည်သူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အနံ့ဆိုးနှင့် မီးခိုးငွေ့များ ရှူရှိုက်နေရ၍ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အောင်သပြေသူ

အရက်ဆိုင်ကြောင့် ရာဇဝတ်မှုများဖြစ်ပွား

စာတည်းရှင့်-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် ငါးလုံးတန်း ရန်နိုင်လမ်းသွယ်(၇)တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် မြေညီထပ်ရှိ အရက်ဆိုင်ကြောင့် ပတ်ဝန်းကျင်တွင် ရာဇဝတ်မှုများ ဖြစ်ပွားခြင်း၊ လမ်းသွားလမ်းလာများအား နှောင့်ယှက်ရန်ရှာခြင်း အစဉ်အမြဲ ရှိနေပါ၍ အိုးအိမ်ပိုင်ခန်းတွင် ကျူးကျော်ဆောက်လုပ်၍ အရက်ဆိုင်ဖွင့်ထားခြင်းကို သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရန်ကင်းသူ

ကာရာအိုကေဆိုင်နှစ်ဆိုင်မှ ဆူညံမှုကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

မိတ္ထီလာမြို့နယ် ကျည်တော်ကုန်းအုပ်စု ဝမ်းတော်ပြည့် တိုးချဲ့ရပ်ကွက် မိတ္ထီလာ-မန္တလေး ကားလမ်းမကြီးဘေး ဘုရင့်နောင်လမ်းနှင့် ပညာဘဏ်လမ်းသွယ်ကြားရှိ ကာရာအိုကေဆိုင်နှစ်ဆိုင်တို့မှာ ညစဉ် ၁၁ နာရီအထိ အော်ဟစ်သီဆိုကြသည့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ နားမခံနိုင်အောင် စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မိတ္ထီလာသား

မြေစုပုံမှုကြောင့် ရေစီးလမ်းပိတ်ဆို့

စာတည်းရှင့်-

မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် ဝင်းလှိုင်(၃)လမ်းကြားတွင် မြေများလာရောက် စုပုံထားသောကြောင့် မိုးရွာလျှင် အောင်မင်္ဂလာလမ်းရှိအိမ်များ ရေကြီးခြင်း၊ ရေဝပ်ခြင်း စသည့်အန္တရာယ်များ စိုးရိမ်နေရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရေဘေးစိုးရိမ်သူ

တရားမဝင် အရက်ဆိုင်နှစ်ဆိုင် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သုံးခွမြို့နယ် (၉)ရပ်ကွက် အောင်မင်္ဂလာအပိုင်းရှိ စာသင်ကျောင်းနှင့် လူနေအိမ်များအနီးတွင် လိုင်စင်နှင့် ညီညွတ်မှုမရှိဘဲ အော်ဟစ်ဆူညံစွာ အများပြည်သူအား စိတ်အနှောင့်အယှက်ဖြစ်စေသော တရားမဝင် အရက်ဆိုင်နှစ်ဆိုင်ကို သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အောင်မင်္ဂလာပိုင်း လမ်းသူ လမ်းသားများ

ဘော်ဒီလုပ်ငန်း ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်အနောက်ပိုင်း သမဝါယမ ရေပေးဝေရေး ရေစက်ဝင်းအတွင်းငှားရမ်း၍ ကားဘော်ဒီလုပ်ငန်း နေ့ညမပြတ် လုပ်ငန်းလုပ်ဆောင်နေပါသဖြင့် ကားဘော်ဒီထုသံ ဆူညံခြင်း၊ ဂဟေဆော်ခြင်းကြောင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်မီးသုံးစွဲသူများ မီးအားနည်းခြင်း၊ တီဗွီများပျက်ခြင်းတို့ ခံစားရပါသဖြင့် ယင်းကားဘော်ဒီလုပ်ငန်းအား သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

မြို့သစ်သား

မီးစက်ဆူညံသံ နားမခံသာအောင်ဖြစ်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရွှေဘုံသာအထက်လမ်းနှင့် ၂၈လမ်းကြားတွင် မီးစက်အိုတစ်လုံး၏ မီးမလာသည့်အခါ နှိုးထားသည့်စက်သံမှာ ပတ်ဝန်းကျင်တစ်ခုလုံး နားမခံသာအောင် ဟိန်းထွက်နေပြီး တိုက်များပိတ်လှောင်နေသဖြင့် စက်မှထွက်သည့် ဒီဇယ်အနံ့မှာလည်း ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသဖြင့် စည်းကမ်းတကျဖြစ်စေရန် တင်ပြအပ်ပါသည်။

စက်သံမခံနိုင်သူ

ကြက်ခြံအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

တောင်တွင်းကြီးမြို့ တောင်ပြင် (၁) ရပ်ကွက် စံပယ်လမ်းရှိ အိမ်တစ်အိမ်၌ ကြက်ခြံမှအနံ့ဆိုးများသည် ပတ်ဝန်းကျင်တွင် နေထိုင်သူမိသားစုများ၏ ကျန်းမာရေး ထိခိုက်နေပါသဖြင့် အဆိုပါကြက်ခြံကို လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စံပယ်လမ်းသား

ရေစီးရေလာ ကောင်းမွန်စေချင်

စာတည်းခင်ဗျား-

မကွေးတိုင်း သရက်မြို့ ဈေးရပ် သံကြိုးလမ်းပေါ်တွင် ယခင်အုတ်ရေမြောင်းလမ်းတစ်ဖက်စီတွင် ရေစီးရေလာကောင်းမွန်သော်လည်း ယခုအခါ သဲ၊ နုန်းနှင့် အမှိုက်များပိတ်ဆို့ပြီး ရေစီးရေလာမကောင်းသဖြင့် လမ်းအတွင်းနေသူများ ကျန်းမာရေးထိခိုက်ရသောကြောင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သရက်သား

စက်ဘီး၊ ဆိုင်ကယ်နှင့်ထော်လာဂျီပြင်ဆိုင်များ လမ်းမပေါ် ပိတ်ဆို့မှု ဆောင်ရွက်ပြီးစီး

၇-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်ဆည်မြို့နယ် အထက(၂) စာသင်ကျောင်းလမ်းဆုံလမ်းကွေ့၌ စက်ဘီးပြင်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ထော်လာဂျီ ပြင်ဆိုင်များသည် လမ်းပေါ်ထွက်၍ ပြုပြင်နေပါသဖြင့် လမ်းမကြီးပိတ်ဆို့ပြီး ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားရ**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

လေထိုးကျွတ်ဖာဆိုင် ဖယ်ရှားရှင်းလင်းပြီးစီး

၁၄-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ချောက်မြို့ အမှတ်(၁၅) နယ်မြေ ရတနာအိုင်ရပ်ကွက် လမ်းမတော်လမ်း အော်တိုအိတ်ချိန်းဝန်းကျင်ရှိ လေထိုးကျွတ်ဖာဆိုင်မှ စက်သံများ၊ ကားဘီးတာယာခွေ ထုနှက်သံများနှင့် ညစ်ညမ်းစွာ ပြောဆိုသံများကြောင့် ဖယ်ရှားရှင်းလင်းပေးစေလို** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဆေးရွက်ကြီးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၄)အတွင်းရှိ အိမ်တစ်အိမ်တွင် ဆေးရွက်ကြီးများကို မီးရှို့ကျိုချက်နေ၍ ရပ်ကွက်နေပြည်သူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်လျက်ရှိပြီး နွေရာသီပူပြင်းခြောက်သွေ့သော အချိန်တွင် ကလေးငယ်များကို ကျိုချက်ခိုင်းသဖြင့် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပင်လုံသား

သွေးလွန်တုပ်ကွေးနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းရှင့်-

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် မီးရထားပိုင်မြေ၌ ကျူးကျော်ဆောက်လုပ်ထားသော (၁၉)အိမ်တန်းတွင် ကျူးကျော်နေထိုင်သူများသည် ပလတ်စတစ်လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့ ပစ်ခြင်းတို့ကြောင့် ရေမြောင်းပိတ်ဆို့ပြီး သွေးလွန်တုပ်ကွေးရောဂါကို ခံစားရကာ မီးဘေးအန္တရာယ်လည်း စိုးရိမ်နေရပါ၍ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဝေပုလ္လသူ

အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မကွေးတိုင်း ဂန့်ဂေါမြို့နယ် နမ်းခါးကျေးရွာနေ ရပ်ကွက်(၄) စပါးခွံဆန်စက်မှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နမ်းခါးသား

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

တာချီလိတ်ခရိုင်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

တာချီလိတ် ဇွန် ၂၇

တာချီလိတ်ခရိုင် ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၆ ရက် နံနက် ၇ နာရီက တာချီလိတ်ခရိုင် မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီး၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဝေနှင့် သစ်တော ဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးလက်ပြည်သူများက ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ယူကလစ်စသည့် အပင် ၂၂၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** (၀၁၆)

မြို့နယ် သတင်း ထွေတလာ

စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

စဉ့်ကူး ဇွန် ၂၇

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အမှာစကား ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ သုံးဦးအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ဝန်ထမ်းသားသမီး ၆၆ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာ၌ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာ သုတဗိုလ်ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၄ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသက်ဦး၊ ပိတ်စွယ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်နောင်ဗိုလ်တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့က စံ(၅)ရပ်နှင့် ညီပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် လှူဒါန်းပွဲဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတရသ၊ စာအုပ်စာစောင် ၁၅၀၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)က ခြောက်လစာ သတင်းစာ စောင်ရေ ၁၈၀၊ ရပ်မိရပ်ဖ ဦးကံထွန်းက စာကြည့်တိုက်အတွက်ရေဒီယိုတစ်လုံးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ လက်ခံယူသည်။

အကုန်အကျခံ

စာကြည့်တိုက်မှာ အုတ်ကာ သွပ်မိုးဖြစ်ပြီး တန်ဖိုးငွေကျပ်၂၅သိန်းအကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေသယံဇာတ ထိန်းသိမ်းကာကွယ်ရေး ပြင်စလူ၌ ပညာပေးဟောပြော

လပွတ္တာ ဇွန် ၂၁

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်နှင့် ဝန်ထမ်းများ ဇွန် ၁၇ ရက် နံနက် ၁၀နာရီက ပြင်စလူမြို့နယ် ကုန်းကြီးကျေးရွာ အုပ်စုအတွင်း ရေလုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဝကားကျေးရွာတွင် ရေလုပ်သားများနှင့် တွေ့ဆုံပြီး ရေသယံဇာတ ထိန်းသိမ်းကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်က ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို ရှင်းလင်းပြောကြားပြီး ငါးရစ် ငါးသန်ကာလအတွင်း ငါးဖမ်းဆီးခြင်း မပြုရန် ဂရမ် ၁၀၀အောက် ကဏန်းများ ဖမ်းဆီးခြင်း မပြုရန်၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒီရေတောများ အရေးပါပုံနှင့် ဒီရေတောများရှိခြင်းကြောင့် ငါးသယံဇာတများတိုးပွားပြီး ဒေသခံများအတွက် အကျိုးရှိပုံများကို ပညာပေးဆွေးနွေး ဟောပြောသည်။ **(အောက်ပုံ)** (မြို့နယ် ပြန်/ဆက်)

သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စက်သစ်ရပ်ကွက်အဖွဲ့ပိုင်ဈေးအတွင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်မှုကိုအမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့နယ်ကျေးရွာပိုင်သစ်မာစိုက်ခင်းထူထောင်ရေး ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်

ပြည် ဇွန် ၂၄

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ်သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ၂၀၁၀ ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ နှင့် ကျေးရွာတစ်ရွာလျှင် ကျေးရွာပိုင် သစ်မာစိုက်ခင်း တစ်ဧက စိုက်ပျိုးထိန်းသိမ်းသွားရန် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ရက် နံနက် ၉နာရီက ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပုလဲသီတာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ညွန့်က ကျေးရွာပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များ ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ညွန့်က ကျေးရွာအုပ်စုဥက္ကဋ္ဌများအား လုပ်ငန်းတာဝန်များ ပေးအပ်သည်။ (တိုင်း ပြန်/ဆက်)

ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ပညာသင် ထောက်ပံ့ကြေးပေးအပ်

ပခုက္ကူ ဇွန် ၂၂

ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း) **(အောက်ပုံ)**က အမှာစကားပြောကြားပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၁၁၂ ဦးအတွက် ငွေကျပ် ၇၃၄၀၀၀ကို ထောက်ပံ့ပေးအပ်သည်။ (၀၇၀)

မီးဘေးအန္တရာယ် ကင်းဝေးရေး အိမ်မဲ၌ဆောင်ရွက်

အိမ်မဲ ဇွန် ၂၂

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေး စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဇွန် ၂ရက်က မြို့မဈေးကြီး မီးဘေးကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးကျော်စိုး၊ တာဝန်ခံအင်ဂျင်နီယာဦးမိုးမြင့်၊ ဈေးတာဝန်ခံဒေါ်တင်ဇာလွင်နှင့် ဝန်ထမ်းများသည် မီးအသုံးပြုသောဆိုင်ခန်းများ မီးစနစ်တကျသုံးစွဲရေး ကွင်းဆင်းစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အဖွင့်ဂိုးသွင်း

ဂျာမနီအသင်းအတွက် အဖွင့် ဂိုးကို တိုက် စစ် မှူး ကလိုဆေးက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက် ဓာတ်ပုံ)

အင်္ဂလန်တို့ဘင်သံ တိတ်ဆိတ်ခဲ့ပြီ ဂျာမနီခြေစွမ်းပြပြီး ကွာတားဖိုင်နယ်တက်ရောက်

မြင့်မောင်စိုး-စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၇

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၁၆သင်း ရှုံးထွက်ပြိုင်ပွဲများကို ဇွန် ၂၇ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဂျာမနီက နာမည်ကြီးအင်္ဂလန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဂျာမနီနှင့်အင်္ဂလန်အသင်းတို့သည် ဖရီးစတိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဥရုဂွေးဒိုင်လူကြီး ဂျော့လာရီယွန်ဒါက ဆောင်ရွက်သည်။ ပြိုင်ပွဲတွင် ဂျာမနီက အင်္ကျီအဖြူ ဝတ်ဆင်ကစားပြီး အင်္ဂလန်က အင်္ကျီအနီ ဝတ်ဆင်ကစားခဲ့သည်။

တက်ရောက်လာ

ဂျာမနီအသင်းသည် အုပ်စု (ဃ)၌ အုပ်စုဗိုလ်စွဲပြီး ရှုံးထွက်အဆင့်ပြိုင်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ အင်္ဂလန်အသင်းမှာမူ အုပ်စု(ဂ)၌ ဒုတိယရရှိကာ ရှုံးထွက်အဆင့် ပြိုင်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ ●

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ဒေါ်လာလေးသန်းတန် ကမ္ဘာ့အကြီးဆုံး ရွှေဒင်္ဂါး

ကောင်းမြတ်သူ ➤ ရေးသားသည်

ဗီယင်နာ ဇွန် ၂၇

ကမ္ဘာပေါ်တွင် အကြီးဆုံး ရွှေဒင်္ဂါးပြားကြီး တစ်ချပ်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အမေရိကန်ဒေါ်လာ လေးသန်း (ပေါင် ၂ဒသမ ၆သန်း)ဖြင့် လေလံတင် ရောင်းချလိုက်ပြီဖြစ်ကြောင်း ဒိုရိုသီယမ် လေလံတင်ရောင်းချရေးရုံးက ဇွန် ၂၆ရက်တွင် ကြေညာသည်။

ဂင်းနက်စ်မှတ်တမ်း

အဆိုပါ ရွှေဒင်္ဂါးကြီး၏ အချင်းဝက်မှာ ၅၃ စင်တီမီတာ (၂၁ လက်မ)ရှိပြီး အလေးချိန်မှာ ကီလိုဂရမ် ၁၀၀ (ပေါင် ၂၀၀) ရှိကာ ကမ္ဘာ့အကြီးဆုံး ရွှေဒင်္ဂါးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည့် ဒင်္ဂါးဖြစ်သည်။

လေလံတင်ရောင်းချ

ယင်းဒင်္ဂါး၏ တစ်ဖက်တွင် ရွက်ချွန်ငါးခုပါ ကနေဒါ မေပယ်သစ်ရွက်ပုံပါရှိပြီး အခြားတစ်ဖက်၌ အယ်လီဇဘက် ဘုရင်မကြီး၏ ဦးခေါင်းပိုင်း ပါရှိသည်။ ၎င်းရွှေဒင်္ဂါးကြီးကို စပိန်ဓာတ်သတ္တုကုမ္ပဏီတစ်ခုက ဇွန် ၂၅ရက်တွင် ဝယ်ယူခဲ့ကြောင်း လေလံတင်ရောင်းချရေးအဖွဲ့က ပြောကြားသည်။

ဝယ်ယူ

ကမ္ဘာပေါ်တွင် ဤကဲ့သို့ မေပယ်သစ်ရွက်ပုံပါ ရွှေဒင်္ဂါးပြား ငါးပြားသာ ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်ကလည်း ထိုကဲ့သို့ ရွှေဒင်္ဂါးပြားတစ်ချပ်ကို ဩစတြီးယား ရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီတစ်ခုက အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။

အင်တာနက်